# ပျဉ်းမငုတ်တို

မင်းသုဝဏ်

ဖုထစ်ရွတ်တွ၊ ငုက်ဌွင်းတသို့
ပျဉ်းမငုတ်တို၊ သက်ကြားအိုသည်
ကုန်းမိုထက်တွင် တပင်တည်း။

ခွဆုံအကွေး၊ သစ်ခေါင်းဆွေးလည်း
အဖေးတက်လာ၊ အိုင်းအမာသို့
ကျယ်စွာဟက်ပက် ခြအိမ်ပျက်။

ကုန်းမိုကမ်းပါး၊ မြေပတ်ကြားတွင်
စစ်သားခမောက်၊ ပိန်ခြောက်ခြောက်လည်း
စစ်ရောက်စခန်း လက်ပြည့်နှန်း။

ထိုပင်ငုတ်တို၊ ပျဉ်းမအိုသည်
စစ်ကိုလည်းကြုံ၊ ခြအုံလည်းဖြစ်
ဓားထစ်လည်းခံ၊ နေလှုံလည်းတိုက်
လေပြင်းခိုက်လျက်၊ မငိုက်ဦးခေါင်း
နွေသစ်လောင်းသော်
ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေ၍
လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည်
အသင် ယောကျ်ားကောင်းတကား။ ။

တခုသောနံနက်တွင် ကျွန်တော့်ထံသို့ အထက်ပါ ကဗျာနှင့်အတူ စာကလေး တစောင် ရောက်လာပါသည်။ စာမှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

ဆရာ ခင်ဗျား၊

ဆရာ၏ "ပျဉ်းမငုတ်တို" နှင့် Henley ၏ ကဗျာတို့ကို မကြာမီက ထပ်မံဖတ်ရ၍ သဘောကျလှသဖြင့် ဆရာ့အတွက် အသုံးဝင်လိုဝင်ငြား ရေးကူးပေးပို့ပါသည်။

"ပျဉ်းမငုတ်တို" မှာ ဆရာ့ထံတွင် အသင့်ထုတ်နုတ် ရေးကူးပြီးသား မရှိလျှင် အသုံးကျပါလိမ့်မည်။

သခင်ဋ္ဌီကာတွင် တွေ့ရသော "အနိုင်မခံ" မှာ Henley ကို ပြန်ဆိုထားဟန် တူပါသည်။ ပြန်ဆိုပုံ မည်မျှ တိကျမှန်ကန်သည်ကို မသိပါ။ ဆရာ လေ့လာလိုက လေ့လာနိုင်ရန် ဖြစ်ပါသည် ခင်ဗျား။

(လက်မှတ်)

ဤကဗျာနှင့် ဤစာကို ဖတ်ရသောအခါ ကျွန်တော်သည် လွန်ခဲ့သော ဆယ်နှစ် လောက်ကို လှမ်း၍ သတိရမိပါသည်။ မကသေးပါ။ အနှစ် နှစ်ဆယ်လောက်ကို သတိရမိပါသည်။ မကသေးပါ။ အနှစ် သုံးဆယ်လောက်ကို သတိရမိပါသည်။

ကျွန်တော်သည် အင်းလျားကန်စောင်းတွင် တည်ရှိသည့် တက္ကသိုလ်နယ်မြေသို့ ထိုစဉ်အခါက စတင်ရောက်ရှိ ခဲ့ပါသည်။

တက္ကသိုလ်နယ်မြေ တဝိုက်သည် သရက်ပင်၊ ပိန္နဲပင်၊ နရွဲပင်၊ မရမ်းပင် စသည်တို့ဖြင့် အုံ့မှိုင်းညို့ဆိုင်းလျက် နေပြောက်မျှ မထိုးနိုင်လောက်အောင် စည်ကားသည့် ဥယျာဉ်ခြံမြေများ စုဝေးတည်ရှိရာ မဟာမြိုင်တောကြီး ဖြစ်ခဲ့ပါသည်။ ထိုတောကြီးကို တဖြည်းဖြည်း ခုတ်ထွင်ရှင်းလင်း၍ ရန်ကုန်တက္ကသိုလ်သမိုင်း၏ နိဒါန်းဖြစ်သော တကောင်းကျောင်းဆောင်၊ ပြည်ကျောင်းဆောင်၊ ပုဂံကျောင်းဆောင်တို့ကို ဆောက်လုပ်ပြီးနောက် သထုံကျောင်းဆောင်၊ ပဲခူးကျောင်းဆောင်၊ ပင်းယကျောင်းဆောင်၊ စစ်ကိုင်းကျောင်းဆောင်၊ အင်းဝကျောင်းဆောင် တို့ကို စတင်ဖွင့်လှစ်သော ၁၉၂၉ ခုနှစ်လောက်တွင် ကျွန်တော်တို့ တက္ကသိုလ်သို့ ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

တက္ကသိုလ်နယ်မြေမှ အပဖြစ်သော နေရာတို့သည်ကား ဥယျာဉ်သမားတို့ ဥယျာဉ်လုပ်စားရာ ဥယျာဉ်ကြီးများသာ ဖြစ်ပါသေးသည်။ ယခုအခါ ခြံစည်းရိုး ဝါးရုံတို့အကြားတွင် ရေစီးကြောင်း သဲပွက်လမ်းမျှ ဖြစ်ပါသည်။ ယခုအခါ စည်စည်ကားကား လှုပသာယာနေသော အင်းလျားမြိုင်ခေါ် မြို့ကွက်သည် ထိုအခါက ဆန်စပါးစိုက်ပျိုးရာ လယ်ကွက်ငယ်မျှ ဖြစ်ပါသည်။ ယခုအခါ "မြစိမ်းကမ်းခြေ" ခေါ် တိုက်တာခြံဝင်းတို့ဖြင့် တင့်တယ်လှသည့် ကန်စောင်းရပ်ကွက်သည် ထိုအခါက တောပကတိမျှ ဖြစ်ပါသည်။

ကျွန်တော်တို့မရောက်ခင် ရှေးအထက်ကျော်ကာရီ ပဝေသဏီကပင် ဤနယ် တဝိုက်၌ နေထိုင်ကျက်စားခဲ့ဖူးသော သူတို့နှင့်လည်း တွေ့ဆုံမေးမြန်း ဖူးပါသည်။ သူတို့ပြောပြသည့်အတိုင်းဆိုလျှင် ဤနယ်တဝိုက်သို့ လူသူအရောက်အပေါက် နည်းပါးသောကြောင့် ဝရမ်းပြေးလူဆိုးများ လာရောက်ခိုအောင်း နေလေ့ရှိသည်ဟု သိရပါသည်။

ရွှေတိဂုံစေတီပေါ်သို့ တက်ရောက်သော ကျားကြီးသည် ဤနယ်မြေကို ဖြတ်သန်း သွားသည်ဖြစ်၍ ကျားကြီးကူးသွားရာ စမ်းချောင်းတွင် ခြေရာတို့ကို လည်းကောင်း၊ ကျားကြီးတိုးသွားရာ ခြံစည်းရိုးပေါက်တွင် အမွေးတို့ကို လည်းကောင်း၊ ကိုယ်တိုင် မြင်လိုက်ရသည် ဆိုသူကိုလည်း တွေ့ဖူးပါသည်။

ဤနယ်မြေဥယျာဉ်တို့မှ ထွက်သည့် အသီးအနှံတို့ကို ထမ်းပိုးရွက်ချီကာ နံနက် လင်းအားကြီးအချိန် သိမ်ကြီးဈေးသို့ သွားပို့ရာတွင် ရွှေတိဂုံ အနောက်မုခ် ဂေါ်ရာကုန်း အနီး၌ စခန်းချ အမောအပန်း ဖြေခဲ့ဖူးသူတို့နှင့်လည်း စကားပြောဖူး ပါသည်။

သူဌေးသားများ နိုင်ငံခြားကြက် အမျိုးမျိုးကို မွေးရာဖြစ်၍ ကြက်ကျွန်းအမည် တွင်ကြောင်း၊ ပန်းအမျိုးမျိုးကို စိုက်ဖြစ်၍ ပန်းကျွန်းအမည်တွင်ကြောင်း စသည်ဖြင့် အင်းလျားကန် အတ္ထုပ္ပတ္တိ ပြောသည်ကိုလည်း ကြားဖူး ပါသည်။

ယုဒသန်ကျောင်းမြေအတွင်း ဘုရားရှိခိုးကျောင်းကြီး တည်ရှိရာလောက်တွင် ရှိခဲ့ဖူးသည့် ဘုရားသုံးဆူ ခေါ် မွန်စေတီဟောင်းများတွင် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ခဲ့ဖူးသူကိုလည်း တွေ့ခဲ့ဖူးပါသည်။ ဤမျှကား တက္ကသိုလ်နယ်မြေတဝိုက်၏ ဒူရေ သမိုင်း ဖြစ်ပါ၏။

ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင် တက္ကသိုလ်နယ်တဝိုက်၏ အခြေအနေကို ပြေး၍ အထူးသတိရမိပါသေးသည်။ ထိုအခါက တက္ကသိုလ်ရိပ်သာ လမ်း၏ တောင်ဘက်အရပ်သည် ဥယျာဉ်ခြံမြေများပင် ဖြစ်ပါသေးသည်။ သျှင်ဥတ္တမကျော်၏ တောလားကြီးကို လေ့လာဖူးသော ကျွန်တော်တို့မှာ ထိုခြံမြေများကို သျှင်ဥတ္တမကျော် တောရဆောက်တည်ရာအရပ် ဟူ၍ပင် ထင်မြင်မိပါသည်။ တနည်းအားဖြင့်ဆိုလျှင် မြတ်စွာဘုရားသခင် ကပ္ပိလဝတ်ပြည်သို့ ပြန်ကြွရာ ခရီးလမ်းဟုပင် အောက်မေ့မိပါသည်။ တနည်းအားဖြင့် ဆိုရပြန်လျှင် ကာဠုဒါယီရဟန်းကြီး ဂါထာခြောက်ဆယ်တို့ဖြင့် ချီးကျူးခဲ့ရာတောဟုပင် မှတ်ယူခဲ့မိပါသည်။ အကြောင်းသော်ကား ထိုခြံမြေတဝိုက်သည် ရာသီအလိုက် သာယာကြည်နူးဖွယ် ကောင်းသောကြောင့် ဖြစ်ပါသည်။

ဆောင်းကလေးဝင်လာလျှင် လမ်းဘေးခြံစောင်းတို့၌ အလေ့ကျပေါက်နေသော ဇျိုင်းချေးပင် (ဂျာမနီပင်) တို့သည် ဆောင်းလေအေးတွင် တဖွေးဖွေး ပွင့်ကြပါတော့သည်။ မကြာခင်ပင် သူတို့အကြား၌ မောင်းမလည် နွယ်ပင်တို့ ပွင့်ကြပြန်သည်။ ထို့နောက်တွင်ကား ထိုနယ်တဝိုက်သည် ပျားအပေါင်းတို့ စုရုံးရာ ပန်းတော်ကြီး ဖြစ်ပါတော့သည်။ သရက်ပန်း၏ ရနံ့လှိုင်သည်။ ပေါက်ပန်း၏ အရောင်သည် ဝင်းသည်။ လက်ပံပင်ပေါ်မှ ဆက်ရက်သံသည် ဆူသည်။ ညနေ

မြေပုဇွေ့ မစဲသေးခင် ထိုနယ်တဝိုက်၌ တချုံ့ဝင်တချုံ့ထွက်၊ တကုန်းတက် တကုန်းဆင်းနှင့် လမ်းလျှောက်ရသည်မှာ မြတ်စွာဘုရားကြွရာ ကပ္ပိလဝတ် တောလမ်းကို သုတေသန လုပ်နေရသလားဟု ထင်မိပါသည်။

ထိုအခိုက် ဖုံးဖုံးဒိုင်းဒိုင်းနှင့် ကမ္ဘာစစ်ကြီး ဖြစ်လာပါတော့သည်။ ကျွန်တော် တို့လည်း စကောထဲတွင် ဆီးဖြူသီးပမာ ဟိုရောက်သည်ရောက်နှင့် ကစဥ့်ကရဲ ဆန်ကွဲကြသွားပါတော့သည်။ သို့သော်လည်း ပြေးရင်းလွှားရင်းနှင့်ပင် တက္ကသိုလ် နယ်မြေတဝိုက်ကို မကြာခဏ လွမ်းဆွတ်တသမိပါသည်။ တခါတခါ ရန်ကုန်သို့ ရောက်ခိုက် သွားလည်မည်ဟု ကြံမိပါ၏။ သို့သော် ကျွန်တော်တို့၏ ငယ်ပေါင်းများဖြစ်သော ကျောင်းဆောင်များနှင့် ကျေးငှက်တိရစ္ဆာန် ပန်းမန်များက ဆီးကြိုလက်ခံကြလိမ့်မည်ဟု မှတ်ထင်ရလင့်ကစား ထိုနယ်တဝိုက်တွင် တပ်စွဲ နေကြသော မျိုးခြားစစ်တပ်များကမူ ပါးရိုက်နားရိုက် လုပ်ကြလိမ့်မည်ဟု စိုးရိမ် မိသောကြောင့် မလည်ပတ်မိခဲ့ပါ။ သို့ဖြင့် ကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပါသည်။

တက္ကသိုလ်နယ်မြေတွင် တက္ကသိုလ်ကို ပြန်လည်ဖွင့်သောအခါ ကျွန်တော်တို့ လည်း ဒေသဟောင်းသို့ ပြန်ရောက်လာကြပါတော့သည်။ သို့သော် ဖုံးဖုံး ဒိုင်းဒိုင်းနှင့် စစ်ဖြစ်စက ကျွန်တော်တို့ စွန့်လွှတ်ထားခဲ့ရသော တက္ကသိုလ်နှင့် ယခု ပြန်တွေ့ရသော တက္ကသိုလ်တို့သည် မတူပါတော့ချေ။ လမ်းတို့သည် တင့်ကား သံဘီးရာတို့ဖြင့် ခွေးသွားစိပ်ထလျက် ရှိသည်။ တက္ကသိုလ်စာကြည့်တိုက်သည် အတွင်းကနေ၍ မိုင်းဖုံး အခွဲခံရသောကြောင့် အသည်းအူထွက်လျက် ပြာမကြွေ သေးသော စာအုပ်စင်တို့ဖြင့် ဖရိုဖရဲ ဖြစ်လျက်ရှိသည်။ ဘွဲ့နှင်းသဘင်ကြီး မှာလည်း ခေါင်မိုးကျွံ၍ ကြမ်းပြင်အက်လျက် အတွင်းကျေ ပြိုပျက်နေပါတော့

သည်။ ပုဂံကျောင်းဆောင် မှာကား လုံးဝမရှိတော့ပြီ။ မီးလောင်စာ မဲမဲ ကိုသာ မြင်ရ ပါတော့သည်။ ဖုံးခိုကျင်း၊ ကတုတ်မြောင်း၊ သူရဲခိုတွင်း တို့မှာလည်း နေရာ အနှံ့အပြားတွင် ပိုးလိုးပက်လက် ရှိကြပါသည်။ ဝါးခြံ စည်းရိုးတို့မှာ ဝါးရုံ ဝါးတောကြီးများ ဖြစ်နေပါပြီ။ သူခိုးသူဂုက် ထူလှသောကြောင့်လည်း ညအခါ ကောင်းကောင်း မအိပ်ဝံ့။ နေ့အခါ လူပြတ် မခံရဲ။

သို့သော် ကျွန်တော်တို့ကား ငယ်ငယ်ကအကျင့်အတိုင်း ညနေတိုင်လျှင် လမ်းလျှောက်ထွက်ကြပါသည်။ အထက်က သာသာယာယာ စိမ်းစိမ်းစိုစို ရှိခဲ့သော ခြံများသည် ပြောင်တလင်းခါလျက် ရှိနေသည်ကို တွေ့ရပါသည်။ သရက်၊ ပိန္နဲ၊ မရမ်း၊ ကံ့ကော်တို့နေရာတွင် စစ်စခန်း ရုပ်သိမ်းသွား၍ ကျန်ခဲ့သော အုတ်ခုံ ပျက်များ၊ အိမ်သာဆိုးများ၊ ဘူးခွံပုံများ၊ ကတုတ်များ၊ ကျင်းများ၊ ကားပျက်များ၊ သံဆူးကြိုးပြတ်များကိုသာ တွေ့ရ ပါသည်။ ထိုမျှ မကသေး ကျည်ဆန် များကို မကြာခဏ ကောက်ရပါသည်။ စစ်ခမောက် အပိန်အလိမ် တို့ကိုလည်း တွေ့ရ ပါသည်။ တခါသော် မြက်တောထဲ၌ လူဦးခေါင်းခွံတခုကိုပင် ဖွေးဖွေးဖြူဖြူ မြင်ရပါသည်။ သို့ပင် ဖြစ်လင့်ကစား ကြွင်းရစ်ကျန်ရစ်သေးသော သစ်ပင် ဝါးရုံ တို့တွင် ချိုးငှက်ကလေးသည် ကူမြဲ ကူလျက် ရှိသည်။ ငှက်တော်ကလေးသည် နားမြဲ နားလျက် ရှိသည်။ ငှက်ခါးကလေးလည်း ငေးမြဲ ငေးလျက် ရှိသည်။ ဤအချက်တို့ကို ကျွန်တော်တို့ သတိ ပြုမိသည်။

သို့သော်လည်း ကျွန်တော်တို့ ညနေတိုင်း ကွင်း၍ ရှောင်၍ သွားမိသော ကမူကလေးတခုတွင် မီးလောင်ငုတ်သဖွယ် ထိုးထိုးထောင်ထောင် တည်ရပ် နေသည့် အရာတခုကိုကား ပထမတွင် သတိမထားမိပါ။ အတော်ကြာမှ သတိပြု

မိ၍ ကြည့်သောအခါ ပျဥ်းမငုတ်တိုတခု ဖြစ်သည်ကို သိရပါသည်။ ငုတ်တို၏ ပင်ခြေသည် တဖက်သာသာမျှ ရှိပေမည်။ အကိုင်းလက်ပြတ်နှင့် အခက်မရှိ၊ အရွက်မရှိ။ အတွင်းလိုက်၍ အူချောင်းဆွေးကာ ခြစားထားပြန်သဖြင့် ဟောင်းလောင်း ဖြစ်နေသည်။ မီးလောင် ထားသောကြောင့် တခြမ်းစွေစောင်းနှင့် မဲနက် နေပါသည်။ ဘာမျှ ရစရာ မရှိပါ။ အဝေးက လှမ်းမြင်ရသောအခါ ဋ္ဌင်းတ ငှက်အိုကြီး နားနေသည်ဟုသာ ထင်မိပါသည်။ လွန်ခဲ့သောအခါက ထိုပျဥ်းမ ပင်သည် အရွက်စိမ်း၊ အပွင့်ဝေဝေနှင့် ထိုကမူထက်တွင် လေရူးနှင့်ရောလျက် မြူးရွှင်ခဲ့ပေလိမ့်မည်။ ယခုကား အရိုးပြိုင်းပြိုင်း၊ ခါးကိုင်းကိုင်းနှင့် စစ်ဘေး စစ်ဒဏ်ကြောင့် နာလန်မထူနိုင်လောက်အောင် ယိုယွင်းခဲ့ရလေပြီ။ ထိုသို့ စဥ်းစား မိသော အခါကျမှ ထိုပျဥ်းမငုတ်တိုကို အထူးဂရုစိုက်မိပါတော့သည်။ ထိုအခါမှ စ၍ ထိုတောလမ်းတွင် လမ်းလျှောက်ရသည်မှာ အဓိပ္ပာယ် ပို၍ရှိလာပါတော့ သည်။ ထိုပျဥ်းမငုတ်တိုကို မြင်ရတိုင်း တရားကျမိသည်။ ဘယ်သို့သော တရားမျိုး ကျမိသည် ဟူကား မပြောတတ်ပါ။ ပျဥ်းမငုတ်တို ဋ္ဌင်းတအိုကို သနားမိ သလိုလို။ အိုရမည်၊ နာရမည် ဟူသော စကားကို ကြားမိ သလိုလို၊ ပျဥ်းမငုတ်တိုတွင် အမိ မြန်မာပြည်၏ မျက်နှာကို မြင်သလိုလို၊ မြန်မာပြည်ဖွား တိုင်းရင်းသားတို့၏ ကံကြမ္မာကို ထင်မိ သလိုလို။

သို့သော် ဆောင်းကုန် နွေကူး၍ လေရူးကလေး ဝှေ့လာသောအခါ ပျဥ်းမငုတ်တို၏ အမူအရာသည် မသိမသာ ပြောင်းလဲလာသည်ကို သတိပြုမိပါသည်။ မင်းလွင် ကလေး မြူးလာပြီ။ ဥသြကလေး မြည်လာပြီ။ တောပန်းကလေးများ ဝေလာပြီ။ မြေသင်းနံ့ကလေး ပျံ့လာပြီ၊ ထိုခဏ၌ ရှုပါလော့။ ကြည့်ပါလော့။ ပျဥ်းမငုတ်တို ဋ္ဌင်းတအို၏ အခက်ကင်းသော အကိုင်းလက်ပြတ်တွင် ပုရစ်ဖူးကလေးသည် ရွံ့သလိုလို၊ ရှက်သလိုလိုနှင့် ပြူးထွက်လာပါသည်။ ဟိုမှာ တဖူး၊ သည်မှာ တဖူး၊

အတော်များပါ ကလား။ ဟော – ပုရစ် ပြေစ ပြုလာပြီ။ နောက်တနေ့တွင် ရွက်နု ကလေးများ ဖြစ်လာ၏။ တရွက်၊ နှစ်ရွက်၊ သုံးရွက် အများကြီး ပါပဲ။ အရွက်များ စုံ၍ ငွေငင်းတင့်ကျက်အိုကြီးသည် မြီးဝန်းဖြန့်ကာ ကနေသော ဥဒေါင်းပျိုနှင့် တူလာ သည့်နောက် မကြာခင်ပင် ပန်းတံများထွက်၊ ပန်းဖူးများ ငုံ၍ ပန်းပွင့်များ ဒေါင်းမြီးကွက်ပမာ ပွင့်ကြပါတော့သည်။ အော် – အာဂ ပျဉ်းမငုတ်တို ပါပေ တကား။ ငါတို့၏ မိခင် မြန်မာပြည်ကြီးသော်လည်း ဤနည်းအတိုင်း ရွက်သစ် လဲ၍ ပျော်ပွဲဝင်နိုင်ပါစေသော်။ ငါတို့အမျိုးသား တိုင်းရင်းဖွားတို့သည်လည်း ကျိုးရာမှ ကောင်း၊ ပင်းရာမှ ကြား၊ ကန်းရာမှ မြင်နိုင်ပါစေသော်။ ဤသို့ ဆုတောင်းပဋ္ဌနာ ပြုကာ အာရုံစောမိသဖြင့် "ပျဉ်းမငုတ်တို" ကဗျာကို ရေးဖွဲ့ ခဲ့ပါသည်။ ထိုကဗျာနှင့် သဘောသွားဆင်သည် ဆိုသော Henley ၏ ကဗျာ မြန်မာပြန်ချက်ကား အောက်ပါ အတိုင်း ဖြစ်ပါသည်။

**အနိုင်မခံ**

ငါ့အား ဖုံးလွှမ်းထားသော လကွယ်သန်းခေါင် ဤမိုက်မှောင်တွင်းမှနေ၍ အနိုင်မခံ အရှုံးမပေးတတ်သော ငါ၏စိတ်ကို ဖန်ဆင်းပေးသည့် နတ်သိကြားတို့အား ငါ ကျေးဇူးဆိုပါ၏။

လောကဓံတရားတို့၏ ရက်စက်ကြမ်းကြုတ်သော လက်ဆုတ်တွင်းသို့ ကျရောက် နေသော်လည်း ငါကားမတုန်လှုပ်။ မငိုကြွေး။ ကံတရား၏ ရိုက်ပုတ်ခြင်း ဒဏ်ချက် တို့ကြောင့် ငါ့ ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီ၏။ ညွတ်ကား မညွတ်။

ဤလောဘဒေါသတို့ ကြီးစိုးရာဌာန၏ အခြားမဲ့၌ကား သေးခြင်းတရားသည် ကြောက်ဖွယ်ရာ ငံ့လင့်လျက်ရှိ၏။ သို့သော်လည်း ငါ့အား မတုန်လှုပ်သည် ကိုသာ တွေ့အံ့။

သုဂတိသို့သွားရာ တံခါးဝသည် မည်မျှ ကျဉ်းမြောင်းသည် ဖြစ်စေ၊ ယမမင်း၏ ခွေးရေ ပုရပိုက်၌ ငါ့အပြစ်တို့ကို မည်မျှပင်များစွာ မှတ်သားထားသည်ဖြစ်စေ ငါကား ဂရုမပြု။ ငါသာလျှင် ငါ့ကံ၏ အရှင်သခင် ဖြစ်၍ ငါသာလျှင် ငါ့စိတ်၏ အကြီးအကဲ ဖြစ်လေသည်။

ရှမဝ မဂ္ဂဇင်း၊ ဧပြီ၊ ၁၉၅၉။

# သားသက်ဝေ

အရပ်ထဲမှာ ကြက်ပျောက်သွားသည် ဆိုလျှင် မောင်မြစ်။

ဘုရားပွဲတွင် ခေါင်းပေါင်း ချွတ်သွားသည် ဆိုလျှင် မောင်မြစ်။

ကြက်ဝိုင်း၊ ဖဲဝိုင်းမှာ ရန်ဖြစ်သည် ဆိုလျှင် မောင်မြစ်။

အရပ်ထဲမှာ အရက်မူး၍ လဲနေသည် ဆိုလျှင် မောင်မြစ်။

မောင်မြစ်သည် ဟိုးလေး တကျော်ကျော်နှင့် မိုက်မဲ ဆိုးတေ နေသူ ဖြစ်၏။

ဘုန်းကြီးကျောင်းတွင် စာသင်နေစဉ်က လူဆိုးဘွဲ့ကို ရခဲ့၏။ ကျောင်းပြေးရာတွင် ဝိဇ္ဇ၊ ခိုးရာတွင် ဇော်၊ ရမ်းကားရာတွင် ပထမ ဖြစ်ခဲ့၏။ နေ့လယ် စာအံချိန်တွင် ကျောင်းပြေး၍ ဆိတ်၊ နွား၊ မြင်း တို့ကို စီးတတ်သောကြောင့် ဘုန်းတော်ကြီး၏ ကြိမ်စာကျွေးခံရသည်မှာ မောင်မြစ်အတွက် ရိုးနေလေပြီ။ တခါက ကျောင်းပြေး၍ သင်္ချိုင်းကုန်းရှိ အခေါင်းလွတ်တခုတွင် နှစ်ရက်နှင့်တမနက်တိတိ ခိုအောင်း နေခဲ့ဖူး၏။ ကျောင်းက ကြက်ကို ခိုး၍ စားသောကြောင့် ကျောနှင့်တင်ပါးတွင် ကြိမ်စကြာ အကစားခံရသည်မှာလည်း မောင်မြစ်အတွက် အဆန်းမဟုတ်ချေ။ အိပ်ပျော်နေသော ကျောင်းသားတို့၏ ခြေမအကြားတွင် မှို့ညပ်၍ မီးရှို့လေ့ ရှိသောကြောင့် အရိုက်ခံရသည်မှာလည်း အခြားသော သူတို့အတွက် ဖြစ်ပါမူ မေ့နိုင်ဖွယ်ရာ အကြောင်းမရှိ။ နောက်ဆုံး၌ ဘုန်းတော်ကြီးက လက်လျှော့

လိုက်သောကြောင့် ကျောင်းမှထုတ်၍ အိမ်တွင်ပင် ထားရှိလေသည်။ အိမ်မှာလည်း တရန်ပင် ဖြစ်၏။

မောင်မြစ် မိဘတို့မှာ တောလိုက်အုံပါ များစွာချမ်းသာပေ၏။ တယောက်တည်းသော သားကလေးအား အလွန်အမင်း ချစ်ကြ၍ များစွာ အလိုလိုက်လေသည်။ အလိုလိုက်သလောက်ပင် မောင်မြစ်က အမိုက်စော်ကားလေ၏။ ဝိဇယမင်းသားကို အားကျ၍လားမသိ။ မောင်မြစ်သည် နောက်လိုက်ငယ်သား ကျွန်ယုံတော်များနှင့် အရပ်ကို မွှေနှောက် မှောက်လှန်လျက်ရှိ၏။ တရာ့ အစိတ်၊ တရာ့ သုံးဆယ် တန်သော လွန်းပုဆိုးတို့ကို ထည်လဲဝတ်၍ ငယ်ကျွန်တော်တို့အား ငွေထုပ်ကို ထမ်းစေလျက် ရွာစဉ်ကို လျှောက်ပြီးလျှင် ကြက်တိုက်၏။ ဖဲရိုက်၏။ အရက်သောက်၏။ ရန်ဖြစ်၏။ မိမိနှင့် မျက်နှာကြောမတည့်သူမှန်က ကြီးငယ်မရှောင်၊ ဖြောင်သော်လည်းကောင်း ၊ ပုန်းသော်လည်းကောင်း တုတ်စမ်းလေ့ရှိသောကြောင့် လျော်ကြေးပေးရသည်မှာ များလှပေပြီ။ တခါကလည်း ဇာတ်ပွဲတခုတွင် ရှင်ဘုရင်ထွက်ရာ၌ ပြက်လုံးထုတ်၍ ရယ်စရာပြောရမည်ဟု အမိန့်ပေးသည်ကို မလိုက်နာနိုင်ရှာသော ဇာတ်သမားတို့အား တက်၍ ရိုက်သောကြောင့် အမိအဖလုပ်သူတို့မှာ အကြီးအကျယ် တိုးလျှိုး တောင်းပန်ခဲ့ရလေသည်။ တကြိမ်မှာလည်း အလှူခံထွက်သော သီလရှင်တို့ကို ထန်းတောထဲတွင်တွေ့၍ ဓားပြ ခြိမ်းခြောက်လျက် အက ခိုင်းသောကြောင့် ဆရာဘုန်းတော်ကြီး ခေါ်၍ ရိုက်သည်မှာ သွေးထွက်သံယိုနှင့် သုံးလေးရက် မထိုင်နိုင်လောက်အောင် ဖြစ်တော့၏။ ထိုသို့ ဆိုးတေ၍ ကောင်းတုန်း ကာလသားအရွယ်မှာပင် ဖခင်ကြီးဆုံးရှာလေ၏။ မောင်မြစ် မှာကား နောင်တရမည် ဝေးစွ။ ပိုမို ဆိုးသွမ်းဟော့ရမ်းလေတော့သည်။

အရက်သောက်၊ ဖဲကစားရာတွင် အတော် ဝါရင့်သွားသောကာလ ဘိန်းပုံရာဇာဘဝသို့ ရာထူးတိုးတက် ကြီးမြင့်သွားလေ၏။ တိတ်တိတ်ပုန်း ဘဝ အစ ပထမ

တွင်ကား ရှေးကကဲ့သို့ အမှုမပွေ အပိုးသေလေသောကြောင့် မိခင်ကြီးမှာ အတော် ဝမ်းသာ၏။ မိခင်၏မျက်နှာတွင် အစဉ်အမြဲ စိုစွတ်သော မျက်ရည်သည် ခြောက်သွေ့တော့မည် ကြံတုန်းတွင် မောင်မြစ်၏ ဘိန်းစားသောဘဝသည် ဘူးပေါ် သကဲ့သို့ ဘွားဘွားကြီး ပေါ်လာလေ၏။ အရက်စွဲသူကား ပြန်၍ ကောင်းချင်လျှင် ကောင်းနိုင်သေး၏။ ဘိန်းစားသောသူကား ပြန်၍ ကောင်းလာဖို့ရန် အလွန် ခဲယဉ်း၏။ မိခင်ကြီးမှာ တငိုငို တယိုယိုနှင့် နေရလေတော့သည်။ အတော် ဖွဲကောင်းသော အသက်ဖြစ်၍သာလျှင် မထွက်ဘဲ ကျန်၏။ သို့ တငိုငိုနှင့် စိတ် အဆင်းရဲကြီး ဆင်းရဲနေရသော မိခင်ထံမှ မောင်မြစ်သည် အတင်းအဓမ္မ ငွေတောင်း၍ အပြင်အပတွင် ပျော်ပွဲဖွဲ့နေရုံနှင့် မတန်သေး။ အိမ်တွင် တရုတ် တယောက်ကို ခေါ်ထားလျက် မီးခိုးချင်း မိုးမှုန်လေအောင် ဆေးစည်းစိမ်ကို ခံလေ တော့သည်။ အိမ်အိပ်ခန်း ထရံကို ဖောက်ထွင်း၍ ပြောင်းကို သွတ်ပြီးလျှင် တရုတ်ကို တဖက်မှ မီးညှိစေလျက် ဆေးအရသာခံသည်မှာ တနေ့ကို ငါးကျပ်သား၊ ခြောက်ကျပ်သား ကုန်၏။ ထိုသို့ နေ့စဉ်ရက်ဆက် သုံးဖြုန်းလေသောကြောင့် ကျွဲ နွား လယ်ယာ ပစ္စည်းဥစ္စာတို့မှာ သူတပါး၏ လက်တွင်းသို့ သက်ဆင်း လေတော့၏။ ခိုစရာမှ အရိပ်မရှိသော ဘဝသို့ ရောက်ရလေ၏။ တရပ်လုံးက နှလုံး နာသော မောင်မြစ်အား မည်သူကမျှ မသနား။ မိမိ၏ ကျေးဇူးခံကျေးဇူးစားများ ပင်လျှင် မျက်နှာလွှဲကြကုန်၏။ သို့သော် မောင်မြစ်သည် ဘိန်းတည်း ဟူသော နတ်ဆိုးအစိမ်းကို အချိန်မှန်မှန် ပူဇော်နိုင်မှ အသက်ချမ်းသာရာ ရမည်ဖြစ်၍ ရွာပေါ်ရှိ တရုတ်ဆိုင်တခုတွင် ထင်းခွဲ၊ ရေခပ် အလုပ်ဖြင့် ခိုကပ်လျက် အသက် မွေးရလေတော့သည်။ မိခင်ကြီးမှာကား အရပ်က သဒ္ဓါကြေးကို မှီခိုအားထားလျက် မျက်ရည်နှင့်မျက်ခွက် နေရရှာလေတော့သတည်း။

ကာလရှည်လျားလေသော် ရွာရှိတရုတ်ဆိုင်က လက်မခံနိုင်တော့၍ မောင်းနှင် လွှတ်လေသောကြောင့် မြို့ပေါ်ရှိ တရုတ်မုန့်ဆိုင်တခုတွင် ထမင်းစားကျွန်ခံ

အဖြစ်နှင့် ဘိန်းနတ်ကို လုပ်ကျွေးရလေ၏။ အာယုဝဍ္ဎန မဟာသြသဓဆေးကြီးကို အချိန်မှန်မှန် မမှီဝဲ မသုံးဆောင်ရသော်ငြားလည်း ချိုးရေခပ်၊ သနပ်ခါးသွေး၊ ကလေးထိန်း၊ ထဘီလျှော် အလုပ်ကိုကား နားရသည်မရှိ။ ဆက်တိုက် လုပ်ရလေ၏။ ရှေးအခါ ဘုန်းတောက်စဉ်က လွန်းပုဆိုးကြီး တလွှားလွှား၊ နောက်လိုက်ငယ်သား အပြည့်အစုံနှင့် ဂုဏ်တံခွန် လွှင့်နေသော မောင်မြစ်ကို တွေ့ဖူးသူသည် အကွက်အဆင်မပေါ်သော နံငယ်ပိုင်းကလေးမျှနှင့် အောက်ကျနောက်ကျ သပေါက်ဘဝတွင်ရှိသော ပစ္စုပ္ပန်မောင်မြစ်ကို တွေ့မြင်ရပါက များစွာ သံဝေဂရရှိပေလိမ့်မည်။ အစားမမှန်၊ အအိပ်မမှန်၊ လူမလေး ခွေးမခန့်နှင့် ဆင်းရဲလှစွာသော ဘဝကို မောင်မြစ်သည် တစတစ စက်ဆုပ်စပြုလာ၍ ဆေးဖြတ်မည်ကြံမိ၏။ ဆေးဖြတ်သောကိစ္စကား ပြောသလောက် မလွယ်ကူ။ အခန့်မသင့်လျှင် အသက်ကို ရန်ရှာမည်ဖြစ်၏။ သို့ကြောင့် မောင်မြစ်မှာ ထမ်းပိုးနှင့်လှည်းတုတ်ကြားတွင် အစဉ်းစားရခက်လျက် စိတ်အပျက်ကြီး ပျက်လေတော့၏။

တခုသောနေ့၌ မောင်မြစ်တို့ရွာမှ ဈေးဝယ်လာသော အဒေါ်ကြီးက မောင်မြစ်အား သတင်းတခုကို ပြောကြားသည်မှာ မောင်မြစ်၏ မိခင်ကြီးမှာ သေကောင်ပေါင်းလဲ နာဖျားနေကြောင်း၊ ဆေးပေးမီးယူ ပြုစုမည့်သူမရှိ၊ ရောဂါမှာ တနေ့တခြား ဆိုးရွားလာလေသောကြောင့် အသက်ရှင်နိုင်ဖွယ် မမြင်တော့ကြောင်း၊ မသေမီအတွင်း မောင်မြစ်အား မြင်တွေ့သွားလိုကြောင်း စသည်တို့ဖြစ်၏။ မောင်မြစ်၏ စိတ်သည် ကြီးစွာ ထိတ်လန့်စိုးရိမ်သွား၏။ မိမိအား များစွာ အလိုလိုက်ရှာသော မိခင်ကြီး၏ သနားဖွယ်သော မျက်နှာကို မြင်ယောင် လာ၍ ကြေ့ခြွေမျှ မဆည်နိုင်။ မျက်ရည်တွေတွေ ကျလေတော့၏။ ရှေးက ဆိုးခဲ့တေခဲ့သော စိတ်ယုတ်မာတို့သည် ကြက်ပျောက်ငှက်ပျောက် ပျောက်လေ၍ နောင်တရခြင်း၊ ထိတ်လန့်ခြင်း၊ ပူဆွေး စိုးရိမ်ခြင်းတို့သည် တခုပြီးတခု ဆက်ကာဆက်ကာ ပေါ်လာလေတော့၏။

ထို့ကြောင့် မိမိ၏သခင် ပေါက်ဖော်ကြီးထံမှ ငွေကလေးတကျပ်ကို အသနားခံ၍ မိခင်ကြီးအတွက် ဓာတ်စာတို့ကို ဝယ်၏။ ငန်းဆေး၊ လျှာပွတ်ဆေး၊ အဖျားဖြတ်ဆေးတို့ကို ဆရာကတော်ထံမှ တောင်း၏။ သို့သော်လည်း အသက်ကိုမီနိုင်ဦးမလားဟူသော စိုးရိမ်ခြင်းက ကြီးမားလှသောကြောင့် မိမိအတွက် အာယုဝဏ္ဏဆေး ဝယ်သွားဖို့ကို မေ့လေတော့၏။ စုဆောင်းရသမျှကလေးကို ထမ်း၍ အထွေထွေ အလာလာ စဉ်းစားပူပန်သောအသွင်ဖြင့် ခေါင်းငိုက်စိုက်ကျိုးလျက် ရွာဘက်သို့ ထွက်ခဲ့လေ၏။ ယခု ပြည်တော်ပြန် မောင်မြစ်ကား ရှေးကမောင်မြစ်မဟုတ်။ မိုက်စွယ်ကျိုးသော မောင်မြစ်၊ ဘိန်းစိတ်ပျောက်သော မောင်မြစ်၊ သံဝေဂရသော မောင်မြစ် ဖြစ်လေတော့၏။

ရွာသို့ရောက်၍ သူတပါး၏ နွားတင်းကုပ်ထဲတွင် မချိတင်ကဲ ဝေဒနာ ခံစားနေရရှာသော မိခင်ကိုမြင်သောအခါ ရှေးကထက် ပို၍ တရားကျလေတော့၏။ တော်သင့်ရာဆေးတို့ကို ရေလဲအမျိုးမျိုးနှင့်တိုက်၊ ဓာတ်စာကိုကျွေး၊ ခြေဆုပ်လက်နယ်ပြုနှင့် တနေ့ကုန်သွားလေ၏။ မိခင်ကြီးမှာ သားလူမိုက်ကြီး တရားကျလာသည်ကို မြင်ရသောကြောင့် တကြောင်း၊ ဆေးဝါး အစားအစာ မှီဝဲလာရသောကြောင့် တကြောင်း များစွာ စိတ်ချမ်းသာလာလေ၏။ သို့သော် ဆေးပြတ်နေသော မောင်မြစ်မှာမူ နှာရည်တရွှဲရွှဲ၊ မျက်ရည်တဝဲဝဲနှင့် ဘိန်းနတ် ဖမ်းစားခြင်းကို ခံရလေ၏။ သို့နှင့်လည်း မိခင်အား အပြုအစုမပျက်။ အနားက ထိုင်၍ အရိပ်တကြည့်ကြည့်နှင့် ‘အမေ သက်သာရဲ့လား။ ဘာစားချင်သလဲဟင်။ ခံတွင်းကောင်းလာအောင် လျှာပွတ်ဆေးကလေး စားပါဦးတော့’ နှင့် အားပေးစကားပြောကြားလျက် ရှိပေ၏။ ညအခါ၌လည်း အိပ်သည်မရှိ။ ငုတ်တုတ်နှင့်လင်းလေ၏။ နောက်တနေ့တွင် ဘိန်းနတ်သည် ပိုမို ရက်စက်ကြမ်းကြုတ်စွာ ဖမ်းစားသည်ကို အလွန်အမင်းချမ်းခြင်း၊ မခံမရပ်နိုင်အောင်ပူခြင်း တို့က တလှည့်စီ

သက်သေပြလျက်ရှိ၏။ အရိုးအဆစ်မှစ၍ တကိုယ်လုံးမှာလည်း ကြေကွဲပျက်စီး သွားတော့မလောက် ကိုက်ခဲစ ပြုလာလေ၏။ သို့နှင့်လည်း အားမလျော့။ မိခင်ကို ပြုစုလျက်ပင် ရှိ၏။ မြို့သို့ပြေး၍ ဆေးဝါးမှီဝဲလျှင် မိမိဝေဒနာ ချက်ချင်း ပျောက်ကင်းမည်ကို သိသော်လည်း မိခင်ကို မထားရက်ခဲ့သည်က တကြောင်း၊ ဘိန်းကိုမုန်းသည်က တကြောင်းကြောင့် ကြိုးစား၍ခံလေ၏။ နောက်တနေ့ တွင်ကား ဟန်မဆောင်နိုင်တော့။ မိမိလည်း လဲလေတော့၏။ ဘိန်းနတ်က အစွမ်းကုန် ညှဉ်းဆဲလေပြီ။ သို့နှင့်လည်း မိခင်အား အပြုအစုမပျက်။ အနိုင်ခဲ၍ ထပြီးလျှင် မိခင်အား ကြည့်ရှုမစလျက်ပင် ရှိ၏။ သေလိုလျှင်လည်း ဤနေရာ တွင်ပင် သေစေတော့။ မိခင်အား မထားပစ်ခဲ့နိုင်။ ဘိန်းကိုလည်း ပြန်၍ မခင်တွယ် လိုတော့ဟု စိတ်ကို ဆုံးဖြတ်လိုက်လေ၏။ နောက်တနေ့ မိုးသောက်သော အခါကား ဘိန်းနတ်သည် လက်လျှော့စ ပြုလေ၏။ မိခင်ကြီးလည်း သိသိသာသာ သက်သာလာလေ၏။ ရက်အနည်းငယ် ကြာသောအခါ မောင်မြစ်မှာလည်း ဘိန်နတ်လက်မှ လွတ်ထွက်၏။ မိခင်မှာလည်း သေမင်းလက်မှ လွတ်ထွက် လေ၏။ ရွာသူရွာသားများမှာ ယင်းတို့ သားအမိအား ကြည့်လျက် များစွာ အံ့သြကြကုန်၏။ သနားကြကုန်၏။

မောင်မြစ်မှာ ရေခပ်ထင်းခွဲ အလုပ်မှတပါး အခြားအလုပ်ကို မတတ်သောကြောင့် မိခင်အား လုပ်ကျွေးနိုင်လောက်သော အလုပ်တခုခုကို ရှာဖွေရန် မြို့သို့ တက်သွား လေ၏။ သခင်ဟောင်း မုန့်သည်တရုတ်ကြီးထံတွင် အကြံတောင်းရာ မိမိတို့ တောရွာကလေးတွင် တရုတ်မုန့်မျိုးစုံနှင့် ရေနံဆီရောင်းဖို့ အကြံပေး၏။ အရင်းငွေ ကိုလည်း စိုက်ထုတ် မစ ပေး၏။ ကျေးဇူး ကြီးပေစွ။

တခုသော နံနက်တွင် မောင်မြစ်သည် တဖက်သောဆိုင်းတွင် ရေနံဆီ၊ တဖက်သော ဆိုင်းတွင် မြေပဲယို၊ လမုန့်၊ မုန့်ကြိုးလိမ် စသော တရုတ်မုန့်မျိုးစုံကို ထည့်၍

ထမ်းပိုးဖြင့်ထမ်းလျက် ရွားရိုးသို့ ဈေးရောင်းထွက်လေ၏။ ရွာသူရွာသားများကလည်း သနားလှသဖြင့် သူ့ထက်ငါ ဝယ်ခြမ်းကြကုန်၏။ ရသမျှသော အမြတ်အစွန်းကလေးမှ စုသင့်သလောက် စု၍ သုံးသင့်သလောက် သုံးလျက် မိခင်အား ကိုယ်ပိုင်တဲအိမ်ငယ်ကလေးနှင့် ခံ့ခံ့ညားညား ထားနိုင်လာလေ၏။ မြို့သို့ကုန်ဝယ်သွားရာမှ ပြန်လာသောအခါတိုင်း 'ဟောဒါက အမေ ဥပုသ်ယူဖို့ ငှက်ပျောဖီးကြီး။ ဟောဒါက အမေ ကြိုက်တတ်တဲ့ ပြောင်းဖူးဖက်ဆေးလိပ်။ ဘုရားမီး ပူဇော်ဖို့ ဖယောင်းတိုင်လည်း ပါတယ်' စသည်ဖြင့် ဝယ်လာသော ပစ္စည်းတို့ကို ဆိုင်ခင်း၍ ပြလေ့ရှိ၏။ ထိုသို့သော အခြင်းအရာကို မြင်ရသော မိခင်ကြီးမှာ တသက်လုံး ခံစားလာရသော ဝေဒနာ အမျိုးမျိုးတို့ကို မေ့ပျောက်၍ ဝမ်းအသာကြီး သာလေ၏။ သာခု အကြိမ်ကြိမ် ခေါ်လေ၏။

သို့သော် တနေ့တွင်ကား မောင်မြစ်ကို အားကျသော တရုတ်တယောက်သည် မောင်မြစ်ကဲ့သို့ပင် ဆိုင်းထမ်းပိုး တန်ဆာပလာအစုံနှင့် တဇာတ်တစင်ထောင်၍ ဈေးပြိုင် ရောင်းလာသည်ကိုတွေ့ရ၏။ မောင်မြစ်၏ ဦးကျိုးပြီးသား စိတ်သည်ကား မတုန်လှုပ်။ သူ့ဝမ်းစာ သူရှာလေသည်သာ ဟူသောအမှတ်ဖြင့် အေးအေးပင် နေလေ၏။ ရွာသူရွာသားတို့မှာလည်း မောင်မြစ်ဆီကသာ ဝယ်ခြမ်းသည် များကုန်၏။ အပြိုင်ရောင်းလာသော တရုတ်ကား မောင်မြစ်အပေါ်တွင် အမျက်သိုစ ပြုလေ၏။ သို့သော် အပေါ်ယံချွေမှုနှံ့ကြဲကလေးနှင့် မောင်မြစ်အား မိတ်ဖွဲ့လာ၏။ သွားအတူ လာအတူ၊ မောင်မြစ်၏ ကိစ္စ တို့တွင် ကူညီစ ပြုလာ၏။

တခုသော နံနက်တွင် မောင်မြစ်နှင့် ထိုဈေးသည်တရုတ်တို့သည် ဈေးဝယ်ရန် မြို့သို့တက်သွားကြလေ၏။ ဝယ်ခြမ်းခြင်း ကိစ္စပြီးသောအခါတွင် ထိုရုတ်သည် မောင်မြစ်၏ ပစ္စည်းတို့ကို ဝိုင်းကူထုပ်ပိုးပေး၍ မိမိ မလိုက်နိုင်သေးကြောင်း ပြောလျက် မောင်မြစ်အား တယောက်တည်း လွှတ်လိုက်လေ၏။ မောင်မြစ်သည်

ရွာနားရှိ ထန်းတောသို့ ရောက်သောအခါ မိခင်အတွက် ဝယ်ယူလာသော ဆေးလိပ် စည်းကြီး ပြုတ်ကျ၍ ကောက်ယူ စည်းနှောင်နေစဉ် ထန်းတောထဲမှ ပုလိပ် နှစ်ယောက် ထွက်လာ၍ မိမိ၏ ကုန်ထုပ်တို့ကို ဖြေဖွင့်ရှာလေ၏။ အကြောင်း မသိ ရှာသော မောင်မြစ်မှာ ကြောင်တောင်ငေး၍ ကြည့်နေမိရှာ၏။ တခုသော မုန့်ထုပ် အကြားမှ ဘိန်းထုပ်တခုကိုတွေ့၍ ပုလိပ်တို့က ဖမ်းမည် ဆီးမည် ခြိမ်းခြောက် သောအခါကျမှ သတိရလျက် မိမိပစ္စည်းမဟုတ်ကြောင်းကို အမျိုးမျိုး ရှင်းပြ တောင်းပန်ပါသော်လည်း အမှုဆာနေသော ပုလိပ်တော်မင်းတို့မှာ မလွှတ်နိုင်ဘဲ မြို့သို့ အပါ ခေါ်ဆောင်သွားလေတော့၏။ လမ်းတွင် လူကြုံတွေ့၍ မိခင်အတွက် ဝယ်လာသော စားဖွယ်သောက်ဖွယ်တို့ကို ပေးလိုက်ပါရစေဟု တောင်းပန် သော်လည်း အမိန့်မရ။ မိခင်ကြီးရှိရာ ရွာဘက်သို့ စောင်းငဲ့၍ ကြည့်ကာကြည့်ကာ နှင့်ပင် ရဲသားတို့ လက်တွင်း၌ လိုက်ပါသွားရှာလေတော့သတည်း။

မောင်မြစ်၏ မိခင်ကြီးမှာကား ဈေးသည်ထောင်ကဲကြီး၏ ခါးပတ်စိမ်းကြီးနှင့် လျော့တိလျော့ရဲ ပတ်ထားသော ဗိုက်ရွဲကြီးအထဲမှ ဖြည်းဖြည်းညင်းညင်း ပျင်းပျင်းရိရိ စည်းစိမ်နှင့် ထွက်ပေါ်လာသော 'ရေ – နံ – စီ၊ ရေ – နံ – စီ' ဟူသော အသံကိုကြားရတိုင်း သားသက်ဝေအား လွမ်းဆွတ်တမ်းတမိသဖြင့် ထိုအသံဆိတ်ရာ သီလရှင်ကျောင်းသို့သွား၍ ဗန်းခုံးကို မိတ်ဖွဲ့လျက် တရားနှင့် ဖြေဖျော်နေရလေတော့သတည်း။

[ဂန္ထလောက၊ ၁၂၉၄ တော်သလင်းလ]

# မောင်ချို နှင့် မောင်ညို

## မင်းသုဝဏ်

မောင်ချိုနှင့် ကျွန်တော်သည် တနှစ်တည်းတွင် ဤလောကကြီးအား အရွဲသံဖြင့် နှုတ်ဆက်ခဲ့ကြ၏။ "နမော ဗုဒ္ဓါ ယသိဒ္ဓါ၊ အ၊ အာ၊ ဣ၊ ဤ" အစရှိသော မြန်မာစာပေကို တကျောင်းတည်း၊ တဆရာတည်းထံတွင် တက်ယှဉ် သင်အံခဲ့ကြ၏။ ကျွန်တော် သက်န်းစည်းသောအခါ မောင်ချိုကိုလည်း ကျွန်တော့်အမိအဖများက ရှင်တကာခံ၏။ ရှင်ပြုရက်အတွင်း တညတွင် သံဃာစင်ပေါ်၌ ကျွန်တော်တို့ တစုအား မောင်ချိုက အမဲခြောက်ဖုတ်က ဟူသော အကဆန်းတမျိုးကို ကပြရာ မိန်းမတွေချောင်းကြည့်၍ ရက်ရက်နှင့် ဒရောသောပါး ထွက်ပြေးစဉ်က ရာဇမတ်နှင့် ငြိ၍ လုံချည်ကျွတ်ကျသည်ကို ယခုတိုင် ကောင်းစွာ မှတ်မိပါသေး၏။ ဝါဆိုသောအခါလည်း အတူတူပင် ဖြစ်ခဲ့ပါ၏။ ထိုထိုသို့သော အကြောင်းများသည် မောင်ချိုနှင့် ကျွန်တော့်စပ်ကြားတွင် အမြဲယှက်ဖွဲ့လျက်ရှိသော မေတ္တာ နှောင်ကြိုးများ ဖြစ်ပါတော့သည်။

မောင်ချို၏ဖခင်မှာ ဘေးဘိုးစဉ်လာ ဟံသာဝတီ မွန်လူမျိုးတို့ ဓမ္မတာအတိုင်း ထွန်တုံးထွန်တံတို့ဖြင့် အသက်မွေး၏။ ၁၂ ရာသီပတ်လုံး ကွင်းလွင်တွင်နေ၍ အခြား အခြားသော လယ်သူကြီးတို့၏ နွားများကို မွေးဖက် အငှားကျောင်း၏။ လယ်သူကြီးတဦး၏ နွားအုပ်မှအပ်ထားသော အချိန်အတွင်းတွင် အရည်တူ နွားငယ်နှစ်ကောင် မွေးလျှင် နွားကျောင်းသူက တကောင်ယူသည်။ နွားရှင်က တကောင်ယူသည်။ နွားချင်း အရည်မတူသော အခါ၌လည်းကောင်း၊ နွားငယ် အရေအတွက်အားဖြင့် အဝေမညီသော အခါ၌လည်းကောင်း တဖက်ဝေစုရှင်

နစ်နာချက်ကို တဖက်ဝေစုရှင်က ငွေဖြင့်ဖားထေးရ၏။ ဤကား နွားဖွားဖက်ကျောင်းခြင်း၏ သဘောတည်း။

သီတင်းကျွတ် လပြည့်ကျော် တရက်၊ ကျွန်တော်တို့ ရှင်လူထွက်သော ညနေမှာပင် လယ်သူကြီးဦးသာဖို၏ နွားအုပ်မှ နွားညိုကလေးတကောင် မွေး၏။ နွားကလေးကို ထိပ်တွင် ကြာကလေး ပါသောကြောင့် "ကြာကလေးစိန်" စသော အမည်များဖြင့် မှည့်ခေါ်သင့်သည် မှန်သော်လည်း အသွေးအရောင်ကို လိုက်၍ "မောင်ညို" ဟု ခေါ်ကြလေ၏။ မောင်ညိုသည် နွားချောကလေး ဖြစ်၏။ သဘောလည်း ကောင်း၏။ ခေါ်လျှင် လာ၏။ ပြောလျှင် နားထောင်၏။ မိမိခြံတွင် ပေါက်၍ မိမိကိုယ်တိုင် ကျောင်းခဲ့ရသမျှသော နွားကလေးတို့တွင် မောင်ချို့သည် မောင်ညိုကို အချစ်ဆုံး ဖြစ်၏။ အသံ အသာဆုံးသော ခလောက်ကို မောင်ညို့လည်တွင် ဆွဲပေး၏။ အကောင်းဆုံးသော မြက်ကို မောင်ညိုအား ကျွေး၏။ မိမိ အချစ်ခင် အနှစ်သက်ဆုံးသော အရာကို အထူးဂရိုက် ပြုစုခြင်းကို မျက်နှာလိုက်သည်ဟု အပြစ်ဆိုကြ ပါမူ မောင်ချို့သည် ထိုအပြစ်မှမလွတ်။ ဧကပုတ္တ တဦးတည်းသား ဖြစ်သော မောင်ချို့သည် ခြံပေါက်နွားကလေး မောင်ညိုအား တအူထုံ့ဆင်း ညီရင်းပမာ ချစ်ခင်လေသည်ဟုဆိုလျှင် မှားနိုင်မည်မဟုတ်။ မောင်ချို့ မောင်ညို ဟူသော ကာရန်တူအမည်များမှာလည်း ညီအစ်ကိုများအား ပေးလေ့ရှိသော အမည်များ ဖြစ်၏။

သုံးမိုးမျှ ကြာသောအခါ ဦးသာဖိုနွားအုပ်မှပေါက်သော နွားကလေးတို့ကို ခွဲဝေဖို့ရန် နေ့ကို ချိန်းဆိုကြလေ၏။ ထိုနေ့ကို မျှော်ခေါ်၍ မောင်ချို့ စိတ်ပူခဲ့သည်မှာ မောင်ညို့အသက်တမျှ ဖြစ်၏။ လယ်သမားတို့ဘဝ အရှင်ကြီးတင်သောကာလများ၌ မိမိဝေစုတွင် မောင်ညိုပါအောင် ကူညီပိုင်းလို့ မှိုင်းမတော်မူပါဟု တိုးတိုး ဆုတောင်းလေ့ရှိ၏။ နွားဝေအံ့သောနေ့တွင်ကား အပူလုံးကြီး ဆို့တစ်နေလေ

သောကြောင့် ထမင်းဟင်းမျှ ကောင်းစွာမစားနိုင်။ ထိုနေ့ညနေ ဦးသာဖို လာသည်ကို အဝေးတွင် မြင်ရလျှင်ပင် မောင်ချိုမှာ မနေတတ်မထိုင်တတ် ဖြစ်နေ၏။ မောင်ညိုကိုပင် ချုံကြို ချုံကြား၌ ဝှက်ထားချင်တော့သလိုလို၊ ဦးသာဖို ကိုပင် ခွေးနှင့်ရှူးတိုက်ချင်တော့ သလိုလို မသန့်သောအကြံတို့ကို ကြံမိလေ၏။

မောင်ညိုကို မောင်ချိုက အသည်းစွဲချစ်ခင်ကြောင်းကို ရွာနီး ချုပ်စပ် အရပ်တိုင်းက သိ၏။ ဦးသာဖိုသည်လည်း သိ၏။ သို့သော် ဇရပ်တကာ ဦးသာဖိုသည် အဘယ်သို့သော အကြောင်းကြောင့် မောင်ညိုအား မောင်ချိုထံမှ ခွဲအံ့နည်း။ သို့ပင် ဖြစ်ငြားလည်း မောင်ချိုမှာ စိတ်မချနိုင်။ ကန်မျက်ကြီးကွင်းတခွင်တွင် မောင်ညို သည် အချောဆုံးကလေး ဖြစ်၏။ ထွန်းတတုံးကို နိုင်လျှင်ပင် ရာကျော်ကလေး တကောင် ဖြစ်တော့မည်။ ထိုမျှကြေးထိုက်သော နွားကလေးကို ဦးသာဖိုသည် မယူဘဲနေအံ့လော ဟူသော တွေးလုံးဖြင့် တအုံနွေးနွေး တဆွေးဆွေး ဖြစ်နေ၏။ သို့ပါသော်လည်း နွားဝေပြီးသောအခါ မောင်ချိုသည် ကတော့မလို ခုန်တော့မလို ဖြစ်နေသည်ကို တွေ့ရ၏။ မောင်ညိုသည် မိမိဝေစုတွင် ပါ၏။ မိမိ မျက်စိအား မယုံနိုင် လောက်အောင် ဖြစ်၏။ ထိုနေ့ညစာကိုမျှ သတိမရလေ။

သို့ဖြင့် မောင်ချို၊ မောင်ညို ညီအစ်ကိုနှစ်ယောက်မှာ စေတော့သံ တည်ညည်နှင့် ပျော်ပါးစွာ ကြီးပြင်းလာကြ၏။ ပစ္စည်းဥစ္စာလည်း တစတစ တိုးတက်လာ၏။ အလုပ်အကိုင်ကိုလည်း တဖြည်းဖြည်းချဲ့ထွင်၍ လုပ်ကြလေ၏။ အလုပ်ကြီးသူတို့ မည်သည် ကြွေးမလွတ်နိုင်သည် များ၏။ မောင်ချိုမှာလည်း ကြွေးနှင့်ပင် ဖြစ်၏။

ခေတ်ကြီးသည် ဆိုး၍ လာ၏။ စပါးဈေးသည် တနှစ်ထက် တနှစ် ဆုတ်ယုတ် သွား၏။ စပါးပုံ ဆန်ပုံပေါ်က ကြည့်လျှင် ရွှေပုံ ငွေပုံကို မြင်ရနိုင်သည် ဆိုသော စကားသည် ယုံတမ်းစကားပမာ ဖြစ်ခဲ့၏။ တနှစ်ရှုံးလျှင် တနှစ်မြတ်နိုးနှင့်

အလုပ်အကိုင်ကို ဆက်လက်ချဲ့ထွင် လုပ်ကိုင်လေရာ လော့်ရင်းနစ် ဆိုသကဲ့သို့ ရှုံးသထက်သာလျှင် ရှုံးလာ သဖြင့် မောင်ချိုတို့သားအဖမှာ ကြွေးလည်ပင်း ခိုက်သွားလေ၏။ နောက်ဆုံး၌ကား ကြွေးရှင်များ ဆူပူသောကြောင့် တကြောင်း၊ မျှော်လင့်ချက် မရှိတော့ သောကြောင့် တကြောင်း ထွန်တုံး ထွန်တံမှမကျန် ရှိသမျှ ပစ္စည်းများကို ကြွေးရှင်အား အပ်လိုက်ရလေတော့၏။ နွားကလေး မောင်ညိုကို မိမိ တတ်နိုင်သောအခါ ရွေးယူပါရစေဟု တောင်းပန်၍ ကြွေးရှင်က ခွင့်ပြုသောကြောင့် မောင်ချိုမှာ အနည်းငယ် သက်သာရာရ၏။ ကြွေးသိမ်းသွားသော လယ်ထဲတွင်ပင် တဲရှင် ခွင့်ပြုချက်ဖြင့် နေကြရလေ၏။

မောင်ချိုသည် အခြားပစ္စည်းများဆုံးသည်ကို သင်္ခါရတရားဖြင့် ဖြေနိုင်သော်လည်း မောင်ညိုအတွက်ကား မည်သည့်တရားနှင့်မျှ မဖြေနိုင်။ တလွမ်းလွမ်း တဆွေးဆွေး နှင့် အချိန်ကုန်ရလေ၏။ မောင်ညိုကို ရွေးယူဖို့ရန် မရပ်မနား အလုပ်လုပ်၏။ ထင်းခွဲရေခပ်မရှောင် လုပ်၏။ အပြင်းအထန် အပင်အပန်း လုပ်၏။ ရသမျှ ငွေကို စု၏။ အလုပ်ကြောင့် ပန်း၊ စိတ်ကြောင့် ပန်းသဖြင့် ကိုယ်လည်း နွမ်းလေ၏။

နွေရာသီ ကျောင်းအပိတ်တွင် ကျွန်တော် အိမ်သို့ပြန်သွား၍ ခရီးရောက် မဆိုက်ပင် မောင်ချိုတယောက် အလူးအလဲ ဖျားနေသည် ဟူသော သတင်းဆိုးကို ကြားရ၏။ စိတ် အလွန်မကောင်း။ ထိုညတွင် ကောင်းကောင်း အိပ်လို့မရ။ မိုးလင်းသည်နှင့် တပြိုင်နက် မောင်ချိုတို့တဲသို့ သွားရောက် သတင်းမေး၏။ မောင်ချိုမှာ ကျွန်တော့် ကိုမှ မမှတ်မိတော့။ ခရီး လွန်နေပြီ။ တွေ့ကရာ ပတောက်ပရစ် ပြောသောအခါ ပြော၏။ မောင်ညို မောင်ညို ဟူသော အမည်ကို မကြာခဏ ကြားရ၏။ နောက်တနေ့ သွားပြန်သောအခါ အနည်းငယ်လန်း၍ သတိမလစ် လှသည်ကို တွေ့ရ၏။ မောင်ညိုကိုရွေးဖို့ ငွေစုသော်လည်း မပြည့်သေးကြောင်း ပြော၏။ ကျွန်တော်လည်း အလိုက်သိစွာပင် နောက်တနေ့ သွားပြန်သောအခါ မောင်ညို့ကို

ကျွန်ုတော့်ငွေနှင့်ပင် ရွေးယူသွား၏။ မောင်ညို လာသည်ဟု ကြားလျှင်ပင် အိပ်ရာမှ ထမည် ပြု၏။ အနားရှိ လူများက တားထားရ၏။ ကျွန်တော့်ကို မြင်လျှင် မောင်ချို်သည် ကျေးဇူးတင်သော မျက်နှာဖြင့် ပြုံး၏။

ထိုနေ့ နံနက်ပိုင်းတွင် အလွန် လန်းပုံပေါ်သော်လည်း ညနေပိုင်းကျသောအခါ မောင်ချို၏ မျက်နှာသည် တမျိုး ဖြစ်သွား၏။ အဘယ်သို့ဟု မပြောတတ်။ တဲပေါက်ဝတွင် ချည်ထားသော နွားကလေး မောင်ညိုကို ကြည့်လိုက်၊ ဖခင်ဖြစ်သူအား ကြည့်လိုက်၊ ကျွန်တော့်အား ကြည့်လိုက်နှင့်။ "သူငယ်ချင်း၊ ငါတော့ဖြင့် ဒီတောင်က ကျော်နိုင်တော့မယ် မဟုတ်ပါဘူးကွာ" ဟု ပြောလိုက်သောအခါ မျက်ရည်မဆည်နိုင်လောက်အောင် ဖြစ်မိတော့၏။ ထိုနောက် မောင်ညို ရှိရာသို့ လှည့်၍ "မောင်ညိုရေ၊ အဖေ့ကို မင်းပဲ လုပ်ကျွေးရစ်တော့ကွာ။ ငါတော့ မနေရတော့ဘူး" ဟု ပြော၍ အဆုံးတွင် မျက်လုံးလည်သွားလေတော့သတည်း။

နေညိုညို ညနေစောင်းကလေးတွင် နွားကလေးမောင်ညိုသည် မိမိ၏နောင်ကြီး မောင်ချို၏ အခေါင်းကို ဆောင်ကြဉ်းလာသော လှည်းတွင် ရုန်းလျက် လုပ်တိုင်းဘက်သို့ ရှေးရှုသွားသည်ကို မြင်ကြရသော ရွာသူရွာသားများမှာ မျက်ရည်မဆည်နိုင်ကြကုန်။ ပူဆွေးနေသော သူတို့သည် ဖွင့်၍ မပြောသမျှ ကာလပတ်လုံး သက်သာရာမရ။ တသက်တွင် တခါမှ မကြုံဖူးသေးသော ပူဆွေးခြင်း မီးတောက်ဖြင့် အမြိုက်ခံရသော ကျွန်တော့်မှာလည်း သက်သာရာမှ ရစေတော့ဟု ဤစာကို ရေးလိုက်ရပါသတည်း။

[ဂန္ထလောက၊ ၁၂၉၄ နယုန်လ]

# ဥ ဩ

## မင်းသုဝဏ်

ဝေလီ ဝေလင်း အချိန်။

အုန်းတောကြီးအထဲမှ တွန်မြည်လိုက်သော ဥသြသံကလေးသည် မနိုးတဝက် နိုးတဝက်နှင့် မှိန်းစက်နေသော ရွာကလေး၏ နားသောတအား ငြိမ့်စေလေ၏။ အနက်မထင်သော အသံဖြစ်၍ ငြိမ့်စေခြင်းထက် ပိုမို မစွမ်းဆောင်နိုင်ချေ။ ဥသြသံကလေး ရပ်စဲသွားသည်နှင့်တပြိုင်နက် ရွာထိပ်ဆီမှ ပေါ်ပေါက်လာသော တေးသံသည်ကား ရွာကလေး၏ နားသောတကို ငြိမ့်စေရုံမျှမက၊ စိတ်နှလုံးကိုလည်း စိမ့်စေလေ၏။ လွမ်းသော ဆွေးသော၊ အောက်မေ့တသသော အဓိပ္ပာယ်တို့ စုဝေးရာ တေးသံ တေးသား ဖြစ်လေသည်။ ဤတေးသံကလေးကို ကြားရသောခဏ၌ မှိန်းနေသော ရွာကလေးကို လူးလွန့်လာသည်ဟု ထင်မိတော့၏။ တေးပိုင်ရှင်သည် ဟိုဟိုဘဝများက ခွဲခွာခဲ့ရသောချစ်သူအား ရော်ရမ်းတမ်းတလျက် အားရပါးရ သီဆိုလိုက်လေရော့သလားဟု ကြားရသူတို့၏စိတ်တွင် ထင်မိလေတော့၏။ တရွာလုံးက ဂရုစိုက် နားစွင့်နေသော်လည်း တေးပိုင်ရှင်သည် မည်သူ့ကိုမျှ သတိထားမိပုံ မရ။ ဆက်လက် သီဆိုသွား၍ ရွာလယ်ရပ် ၅ ရက် ဈေးကလေး ဆီကျမှ အရပ် ၉ မျက်နှာတွင် ပျံ့နှံ့နေသော မိမိ၏တေးသံကို ရပ်ဆိုင်းလိုက်လေ၏။

ဈေးနေ့ နံနက်တိုင်း ဤတေးသံကို ကြားရသည်မှာ ယခုအကြိမ်ပါနှင့် သုံးကြိမ် ရှိလေပြီ။ တေးပိုင်ရှင်ကား အခြားမဟုတ်၊ ရွာအရှေ့ နွားတထွန်လောက်တွင် ရှိသော ဓနိပင်ကုန်း၌ ဥယျာဉ် လုပ်ကိုင်စားသောက်နေသော ဖိုးသာလှ၊ အဘွားအေး

တို့၏ သားအထွေး ကုန်စိမ်းသည် မောင်လှ ဖြစ်လေသည်။ မောင်လှသည် အခြား ရွာသားများကဲ့သို့ ထွားကျိုင်းသန်မာသည် မဟုတ်။ မွေးကတည်းက ချူချာလာ သည်ဖြစ်၍ လယ်အလုပ်ကို မလုပ်နိုင်။ မိဘများနှင့်အတူ တဝမ်းတခါး ဝရုံ လုရုံ လုပ်ကိုင် စားသောက်နေရလေ၏။ ခါတိုင်းလည်း ဈေးနေ့အခါများတွင် ရွာသို့ တက်လာဖူး၏။ သို့သော် ဥသြကလေး စ၍ တွန်မြည်သော နေ့တွင်ကဲ့သို့ တခါဖူးမျှ စိတ်နှလုံးမကြည်နူးမိ။ ပထမဆုံးကြားရသော နံနက်က ဥသြကလေးကို နားစိုက်ထောင်ရင်းနှင့် ရွာထိပ်ကို ရောက်လာ၍ ဥသြသံ ရပ်သည်နှင့်တပြိုင်နက် မိမိနှလုံးတွင်းမှ လွမ်းဆွတ်တသသော တေးသံသည် တိုးဖေ့ထွက်ပေါ်လာလေ၏။ မိမိတေးသံ မရပ်မချင်း လောကကြီးကို သတိမေ့၏။ တေးသံတွင် မိမိ၏စိတ် သည် ရောနှော လွင့်ပါသွားလေ၏။ တေးဆုံးသွားသောအခါကျမှ သတိရလာ၍ ငါ ဘာကြောင့်ဆိုမိပါလိမ့်ဟု တွေးတောမိ၏။ မည်သူ့ကို လွမ်းဆွတ်သလဲ။ သို့တည်း မဟုတ် တောင်ဘက်တဲက မြထွေးကို လွမ်းဆွတ်၍လား။ ဤသူတို့ လွမ်းဆွတ်၍ မဟုတ်။ ဥသြသံကလေးကို ကြားလျှင် အလိုလို လွမ်းဆွတ်လာ၍ မမြင်ဖူး၊ မကြားဖူးသော တစုံတယောက်သောသူကို တမ်းတမိသဖြင့် သီဆိုမိခြင်း ဖြစ်လေ သည်။ ဤတစုံတယောက်သော သူကား မည်သူနည်း။ ရွာထဲတွင် မိန်းကလေး များကို တွေ့မြင်သောအခါတိုင်း အသင် တမ်းတလွမ်းဆွတ်နေသူသည် ဤသူလား၊ ထိုသူလောဟု မိမိစိတ်အား မေးမြန်းသောအခါတိုင်း ခေါင်းခါသည်ကို တွေ့ရလေ၊ ငါ ရှူးများနေလေသလားဟု ထင်မိလေတော့၏။ ဥသြသံကလေးကို ကြားရ ပြီးလျှင် ဤ လွမ်းဆွတ်တသသော တေးကို မဆိုဘဲမနေနိုင်။

မောင်လှ၏တေးသံကို ဂရုစိုက် နားထောင်သူတို့တွင် ရွာသူကြီးသမီး စိန်သန်းသည် ထူးခြား၏။ ဥသြသံကိုကြားလျှင် မောင်လှသည် လွမ်းဆွတ်တမိသကဲ့သို့ မောင်လှ ၏ တေးသံကိုကြားလျှင် စိန်သန်းသည် မဖြစ်စဖူး ထူးကဲစွာ လွမ်းဆွတ်တသ မိလေ၏။ တေးပိုင်ရှင့်အပေါ်တွင် ကရုဏာ ရေအယဉ်ကို တသွင်သွင် သွန်းလောင်း

မိလေ၏။ တေးပိုင်ရှင်၏ အလိုဆန္ဒ တောင့်တရာတို့ကို ဖြည့်စွမ်းပေးချင်သော စိတ်များ တဖွားဖွား ပေါ်လာလေ၏။

တေးသံကို စတုတ္ထအကြိမ် ကြားရသော ဈေးနေ့နံနက် ဝေလီဝေလင်းတွင်ကား စိန်သန်းသည် ဆွမ်းချက်နေရာ မီးဖိုခန်းတွင် ငြိမ်၍မနေနိုင်တော့။ ရွာထိပ်ဆီမှ တေးသံကို ကြားရလျှင်ပင် စိန်သန်းသည် အိမ်ရှေ့ သပြေပင်ရိပ်သို့ ထွက်လာ၍ တေးပိုင်ရှင်အား စောင့်မျှော်လေ၏။ မောင်လှ သပြေပင်အနီးသို့ ရောက်သည်နှင့် တပြိုင်နက် စိန်သန်းသည် “တေးသည် တေးသည်” ဟု လွှတ်ခနဲ ခေါ်မိလေ၏။ ခေါ်ရင်းက “ဈေးသည်” ဖြစ်သော်လည်း အသံထွက်သွားသည်က “တေးသည်” ဖြစ်နေ၍ ရှက်အမ်းအမ်း ဖြစ်သွား၏။ မောင်လှသည်လည်း အသံကြားရာသို့ လှည့်လိုက်၍ အရှက်နှင့်အကြောက်ရောလျက် မောဟိုက်ဖိုလှိုက်နေသော စိန်သန်းကို မြင်ရသောအခါ အသည်းတွင်းဝယ် အေး၍သွားလေ၏။ ဝမ်းနည်းသလို ဝမ်းသာသလို ဖြစ်မိ၏။ ကာလရှည်စွာ ကွဲကွာနေသော ချစ်သူအား ပြန်တွေ့နေရသလိုလို ထင်မိ၏။ မိမိ၏ရင်ကိုဖွင့်ကာ အသည်းတွင်းက အလွမ်းအဆွေးတို့ကို ထုတ်၍ပြလိုက်ချင်သောစိတ် ပေါ်လာ၏။ သို့သော် ထူပူနေသော စိန်သန်းက ပြောမိပြောရာ ဘာမှန်းမသိပြော၍ ဟင်းရွက်တစည်းယူလျက် ပိုက်ဆံပေးလိုက်သောအခါ မောင်လှသည်လည်း ထူထူပူပူနှင့်ပင် လှမ်းယူ၍ ထွက်မှန်းမသိ ထွက်လာခဲ့လေ၏။ ဈေးသို့ရောက်သောအခါ အစဉ်မပြတ်သော အတွေးတမျှော် တခေါ်ကြီးကို တွေးလေ၏။ မိမိသည် ဤရွာနီးချုပ်စပ်ရှိ မိန်းကလေး အားလုံးလောက်ကိုပင် တွေ့ဖူး၏။ မည်သူ့ကို တွေ့ရတွေ့ရ၊ မိမိ စိတ်သည် မလှုပ်ရှားခဲ့။ ဤ ရွာသူကြီးသမီးကို တွေ့သောအခါကျမှ အဘယ်ကြောင့် ဝမ်းနည်းသလိုလို ဝမ်းသာသလိုလို ဖြစ်ရပါသနည်း။ မပြောတတ်အောင် ဖြစ်ရ၏။ ယခုအကြိမ်သည် ပထမတွေ့ရခြင်းပင် ဖြစ်သော်လည်း အလွန် အကျွမ်းဝင်ချစ်ခင်သော သူငယ်ချင်းဟောင်းကို ပြန်တွေ့ရသကဲ့သို့ ထင်မိလေ၏။ တေးဆိုလိုသောစိတ်၏ အကြောင်း

ရင်းကို ယခုပင်တွေ့ရသည်ဟု ထင်၏။ ယခုပင် တေးဆိုရကျိုးနပ်သည်ဟု အောက်မေ့၏။ ဤသို့ ထူးဆန်းစွာဖြစ်ပေါ်လာသော စိတ်ကို အချစ်စိတ်ပေလားဟု မိမိဘာသာ မေးမိလေ၏။

စိန်သန်း၏ စိတ်တွင်လည်း မောင်လှ၏တေးသံကို ကြားဦးစကပင် အလွန် ခင်မင်ကျွမ်းဝင်နေသော သူတယောက်ဟု အမှတ်ပြုမိလေ၏။ ဤသူသည် တစုံတခုကို လိုချင်နေဟန်တူ၏။ ဤသူ၏အလိုကို ငါသည် ဖြည့်အံ့ဟု ကြံ၍ များစွာပျော်ရွှင်လေ၏။ ဈေးနေ့ကို မျှော်မှန်းလျက် ရက်ရေနေလေ၏။

နောက် ဈေးနေ့ ဝေလီဝေလင်း။ ဥဩသံရပ်သွားလျှင် မောင်လှ၏တေးသံကို ကြားရပြန်၏။ စိန်သန်းသည် သပြေပင်အောက်က စောင့်နေပြန်၏။ မောင်လှ တောင့်တနေသော ဆန္ဒမေးအံ့ဟု ကြံ၍ပျော်ရွှင်နေ၏။

ခဏမျှကြာလျှင် မောင်လှသည် သပြေပင်အနီးသို့ ရောက်လာ၏။ စိန်သန်းကို တွေ့ရနိုးနှင့် ကြည့်မိ၏။ မျှော်နေသော စိန်သန်းနှင့် အခန့်သင့်တွေ့ရသောအခါ အံ့ဩမိ၏။ ကံကောင်းလေစွဟု ထင်မိ၏။ စိန်သန်းသည် ဟင်းရွက်တစည်းကို ဝယ်ပြီးနောက် ဘယ်စကားက ဘယ်သို့ဆက်သွားသည် မသိ၊ "ရှင် တေးဆိုတာ အင်မတန် လွမ်းစရာ ကောင်းတယ်။ ဘယ်သူ့ကို လွမ်းလို့ဆိုတာလဲ၊ ကျွန်မ မသိရဘူးလား။ လွမ်းတဲ့သူရှိရင် ကျွန်မပြောပေးပါ့မယ်" ဟု ရဲရဲတင်းတင်း မိတ်ဆွေချင်း ပြောသကဲ့သို့ ပြောလေသည်။ မောင်လှမှာ အဖြေရခက်လှ၏။ ဦးနှောက်တွင် ဗရပွေ ရှုပ်၍သွားလေ၏။ နောက်ဆုံး၌ အကြံမရ၍ "အလကားပါဗျာ" ဟု ပြောလျက် ထွက်ခဲ့လေ၏။ ဈေးချိန်ကုန်၍ အိမ်သို့ ပြန်ရောက်သော်လည်း ဘယ်သို့ ဖြေရပါမည်နည်းဟု တွေး၍မရ။ ငါးရက်ကုန်၍ ဈေးနေ့သို့ ရောက်သောအခါ တိုင်အောင်လည်း အကြံမရသေး။ သို့နှင့် နံနက်ဝေလီဝေလင်း ဟင်းရွက်တွေ

ထမ်းလာရာ ရွာထိပ်သို့ရောက်၍ ဥသြသံ စလျှင် ဆိုမြဲတေးကို ဆိုမိလေ၏။ သပြေပင်အနီးသို့ ရောက်သောအခါ တေးရော ခြေလှမ်းပါ အလိုလို ရပ်သွား၏။ စိန်သန်း ထွက်လာ၍ ယခင်မေးခွန်းကို မေးပြန်၏။ ၅ ရက်တိတိ တွေး၍မှ မထွက်လာသောအဖြေသည် ယခုမှ ဘယ်ချောင်က ထွက်ပေါ်လာသည် မသိ။ အောက်ပါအတိုင်း ထွက်ပေါ် လာလေ၏။

"ဟုတ်ကဲ့၊ အစကတော့ ဥသြသံကလေးကိုကြားရင် အလိုလို လွမ်းလာတာပဲ။ ဘာလွမ်းတယ်ရယ်လို့လည်း မသိပါဘူး။ လွမ်းတာနဲ့ ဒီတေးကို ဆိုမိတာပဲ။ ဆိုပေမယ့်လည်း အလွမ်းမပြေပါဘူး။ အခုတော့ဖြင့် ဥသြသံ ကြားရလို့ ဘယ်လောက်ပဲ လွမ်းလွမ်း၊ ဒီ သပြေပင်အောက်ရောက်လို့ မင်းနဲ့တွေ့ရင် အလွမ်းတွေ အကုန်ပျောက်တာပဲ။ ဝမ်းသာသလို ဝမ်းနည်းသလိုလည်း ဖြစ်တယ်။ ဒီတော့ ကျုပ်လွမ်းတာဟာ မင်းကိုပဲပေါ့" ဟု ပြောလိုက်သော အချိန်ကစ၍ စိန်သန်းနှင့် မောင်လှတို့သည် ချစ်သူဘဝသို့ ပြောင်းလဲသွားကြလေ၏။

ထိုနေ့မှစ၍ မောင်လှသည် စိန်သန်းတို့၏ အဆွေအမျိုးသတင်းကို နာလေ၏။ မေးသင့်သည်ကို မေးကြည့်၏။ စိန်သန်း၏ ဖခင်သည် ရွာသူကြီး မြေပိုင်ရှင်။ ဘထွေးမှာ မြို့ပေါ်တွင် ပွဲစားကြီးတဦး ဖြစ်၏။ အစ်ကိုများကား ကိုယ့်ကျွဲ ကိုယ့်နွား ကိုယ့်လယ် ကိုယ့်ယာနှင့် လူကုံထံများ ဖြစ်၏။ စိန်သန်း၏ မိခင်မှာ မြို့ပေါ်က ဘုရားတကာကြီး ဦးကံရေး၏သမီးတည်း။ အမျိုးအနွယ် ကြီးကျယ်လေစွ။ မထင်ရှားသော မိမိ၏ အညတရ အမျိုးနှင့်ကား ကွာခြားချင်တိုင်း ကွာခြားလေ၏။ စိန်သန်းသည် မိမိနှင့်မတန်။ ကြေးရတတ် သားများနှင့်သာ တန်၏။ စိန်သန်းကို မိမိ ချစ်သည်ကား ချစ်ရာမရောက်။ နှစ်ရာရောက်နေ၏။ မိမိသည် တကိုယ်ကောင်း နိုင်လေစွ။ စိန်သန်း မိမိကိုယူလျှင် ဆင်းရဲရမည်။ မိဘဆွေမျိုးတို့နှင့် သဘောကွဲ၍ ဝမ်းနည်းရတော့မည်။ မိမိသည် စိန်သန်း ပျော်ရွှင်သည်

ကိုသာ မြင်လို၏။ ဆင်းရဲလျှင် စိန်သန်း ပျော်ရွှင်နိုင်အံ့လော။ မိဘတို့နှင့် သေခန်းပြတ်နေလျှင် စိန်သန်း ပျော်နိုင်အံ့လော။ ပျော်နိုင်မည်မဟုတ်။ သို့ဖြစ်က မိမိသည် စိန်သန်းကို လက်လွှတ်ရမည် ဖြစ်၏။ လွှတ်အံ့။ စိန်သန်း ပျော်ရွှင်သည်သာ လိုရင်း။ ပထမအစ၍ စိန်သန်း ဝမ်းနည်းကြေကွဲရမည်မှာမုချ။ သို့သော် မတွေ့ရတာ ကြာလျှင် မေ့သွားမည်ဖြစ်၏။ အချိန်ကာလတည်းဟူသော ဆေးသမားသည် စိန်သန်း၏ ကြေကွဲဝမ်းနည်းသော အသည်းနာကို ဆေးကုပေးအံ့။ အသည်းနာသည် အသည်းကောင်း ပြန်ဖြစ်လာသောအခါ စိန်သန်း တသက်လုံးပျော်ရ တော့မည်။ ဤသို့ ဖြစ်သောကြောင့် မိမိသည် စိန်သန်းကို လက်လွှတ်အံ့ဟု စိတ်သန္နိဋ္ဌာန်ချလိုက်လေ၏။

ဈေးနေ့သို့ ရောက်သောအခါ မောင်လှသည် ဟင်းသီးဟင်းရွက်တို့ကို ထမ်း၍ ထွက်လာ၏။ ရွာထိပ်တွင် ဥသြသံကလေးကို နားစိုက်၍ထောင်မိ၏။ ဥသြသံစဲလျှင် ခါတိုင်းသီဆိုနေကျ တေးသံသည် နှလုံးတွင်းမှ ထွက်လာ၏။ မောင်လှက ဆီး၍ တားမြစ်လေသောကြောင့် အပြင်သို့မရောက်မီ ပျောက်ကွယ်သွားလေ၏။ ခြေထောက်တို့သည်လည်း ရွာတွင်းသို့ဝင်အံ့ဟု ပြင်ကြ၏။ မောင်လှက "အသင်တို့သည် ယနေ့မှစ၍ ဤလမ်းကို မသွားရ။ ရွာအပြင် ကိုင်းတောကို ဖြတ်၍သာ သွားရမည်" ဟု အမိန့်ပေးလေသောကြောင့် ကိုင်းတောကို ဖြတ်၍သွားရလေ၏။ မောင်လှ၏ နှလုံးသားသည် ထွက်ခွင့်မရသောတေးဖြင့် ကြွေကျမတတ် နာကျင်လေ၏။ မျက်စိတို့သည် မျက်ရည်ဖြင့် ပြည့်လျှမ်းလျက်။ လမ်းကိုမျှ ကောင်းကောင်း မမြင်ကြကုန်။ ထိုအခါ မောင်လှသည် စိန်သန်းကို မေ့လိုက်မေ့လိုက်ဟု မိမိကိုယ်ကို ဆုံးမရလေ၏။ ဈေးရောင်းရာတွင်လည်း ဆုံးမလျက်။ အိမ်ပြန်ရောက်သောအခါလည်း ဆုံးမလျက်။ မေ့ပစ်လိုက်ဖို့ ဆုံးမလေ သတိရလေ အောက်မေ့ လွမ်းဆွတ်လေ ဖြစ်၏။

သပြေပင်ရိပ်မှ စောင့်မျှော်နေသော စိန်သန်းမှာလည်း အချိန်တော်၍ မောင်လှ၏ တေးသံကို မကြားရလျှင် စိုးရိမ်မိ၏။ အချိန်လွန်၍ မောင်လှကို မမြင်ရသော အခါကား ကျိတ်၍ ငိုလေတော့၏။ ဈေးရက်ရောက်၍ ဥသြသံကလေးကို ကြားရတိုင်း မပေါ်လာသော မောင်လှကို မျှော်မှန်းတမ်းတလျက် လွမ်းဆွေး လေတော့၏။ သို့ဖြင့် မိုးဦးရောက်၍ မိုးသံလေသံတို့ အကြားတွင် ဥသြသံကလေး ပျောက်သွားသည့် တိုင်အောင်လည်း မောင်လှကို အရိပ်အယောင်မျှ မမြင်ရလေ။

ယခုလည်း နွေဦး ပေါက်လာပြန်လေပြီ။ ဥသြကလေးလည်း မြည်ပြန်လေပြီ။ အပင်တိုင်း၌ သစ်ကိုင်းကျိုးကျဲနှင့်ဆင်းရဲကြီးလေစွ။ သို့သော် ဤသို့မှ ရွက်ဟောင်း မကြွေလျှင် ရွက်သစ်မဝေ နိုင်တော့ပြီ။ အမောင်သစ်ပင်တို့၊ ရွက်ဟောင်းကို မခင်တွယ်လေနှင့်။ စွန်လော့။ အို မစိန်သန်း၊ မောင်လှကို မခင်တွယ်လေနှင့်။ စွန့်လော။ သို့မှသာလျှင် သစ်ပင်တို့သည် ရွက်သစ် ရွက်ဦးကလေးတွေ ဝေဝေ ဆာဆာနှင့် ရွှင်မြူးပျော်ပါး နိုင်သကဲ့သို့ အသင်သည်လည်း ပျော်ပါး နိုင်တော့အံ့ သတည်း။

[တက္ကသိုလ် ကျောင်းတိုက် မဂ္ဂဇင်း၊ ၁၂၉၄ တပို့တွဲလ]

# သကြၤန်တုန်းက

မင်းသုဝဏ်

သင်္ကြန်အကျနေ့ နံနက်ခင်းကလေးသည် ခပ်ပြေပြေ နေရောင်ခြည်ကလေးကို လွှမ်းခြုံလျက် သာယာလှလေ၏။ မိုးကောင်းကင်ကလည်း တိမ်ညို ပြောက်တိ ပြောက်ကျားနှင့် မအုံ့တအုံ့၊ ရွှင်ရွှင်ပျပျ ခုန်ပေါက်ပြေးလွှားနေသော မိုးလေကလေးလည်း မအေးတအေး၊ ဆာဆာဝေဝေ လန်းလန်းဆန်းဆန်း ခါတော်မီ သန္ဓေမှီးကြကုန်သော ပိတောက်ဖူးကလေးတို့လည်း မပွင့်တပွင့်။ ထိုသို့သော နံနက်ခင်း၏ ပျံ့ညင်းလတ်ဆတ် နူးညံ့လန်းရွှင်သော ထွက်သက်ကို ရှူရှိုက်ရင်း အိပ်ရာမှနိုးလာသော ကျွန်တော်မှာ လွမ်းရတော့မလိုလို၊ ရွှင်ရတော့မလိုလိုနှင့်၊ မြစ်ဆုံသို့ ဆန်တက်မျောပါလာသော ဗေဒါပင်ကလေးပမာ၊ ယောင်တောင်တောင် ဖြစ်၍ နေမိ၏ ။ ထိုခဏ၌ ကျွန်တော်တို့ ရွာကလေး တောင်ဘက်အစွန်းဆီမှ တထုံထုံမြည်ဟည်းသော အိုးစည်သံသည် ပိတောက်ဖြင့် ကြိုင်အပ်သော လေပြည်တွင် လေယဉ်စီး၍ လိုက်ပါလာပြီးလျှင် ကျွန်တော်၏ သောတအကြည်တွင် ဝင်ရောက် ဆိုက်ကပ်လာ၏။ သင်္ကြန်အခါသည် ဘေးမရှိသောအခါဖြစ်၏။ သို့သော် ဖော်ကွာဝေးသူတို့ကား လွတ်လွတ်ကျွတ်ကျွတ်ကြီး ဝမ်းမြောက်ပျော်ရွှင်ဖို့ ခဲယဉ်းပေလိမ့်မည်။

အိပ်ရာထက်၌ နံနက်ခင်းက သာယာပြည့်စုံခြင်းကို ပျော်တလှည့် ပျင်းတလှည့်နှင့် စံစားနေခိုက်တွင် အထက်ပါအိုးစည်သံသည် ကျွန်တော်တို့ လမ်းထိပ် ကုက္ကိုပင်ကြီး အောက်ဆီလောက်သို့ ရောက်လာပြီဟု အသံကိုမှန်း၍ ထင်မိ၏။ အိုးစည်းများကလည်း တထုံထုံ၊ လင်းကွင်းကြီးကလည်း တရှပ်ရှပ်၊ လက်ခုပ်များကလည်း တဖျောက်ဖျောက်၊ ယင်းတို့အကြားမှ ကြေးပလွေသံသည် လွန့်၍လွန့်၍ ကျော်လွှား

ထွက်ပေါ်လာ၏။ "စိန်အိုးစည် လွယ်သလေလေ" အစချီသော သီချင်းသံလည်း ပလွေသံနှင့် အလုအယက် သူ့ထက်ငါ ဦးအောင်ထွက်ပေါ်လာ၏။ ထူထပ်သော လက်ခုပ်သံကို ထောက်ခြင်းဖြင့် အိုးစည်တိုင်း၏ အရွယ်ပမာဏမှာ မငယ်လှဟု သိရ၏။ မကြာမီ အတွင်းဝယ် အိမ်ရှေ့တလင်းတွင် အိုးစည်သားတို့သည် နေရာတကျ ခင်းကျင်း၍ သီဆို တီးမှုတ် ကခုန် နေကြောင်းကို သိရ၏။

ကျွန်တော်၏ တဝက်မျှ မကသော အသက်သည် အိုးစည်သံ၊ ပလွေသံတို့ ဆိတ်ရာ မြို့တွင် ကုန်လွန်ခဲ့သည် မှန်သော်လည်း ယင်းအသံတို့၏ ဆွဲငင်သော သတ္တိကား ကျွန်တော့်အဖို့ သန်စွမ်းတုန်းပင် ရှိသေး၏။ ကြားစကပင် နှလုံးသားသည် တရွရွ လှုပ်ရှားခဲ့၏ ။ ကခုန် သီချင်း ဆိုချင်သော ငယ်စဉ်က ကျေးတောစိတ်သည် တကိုယ်လုံးတွင် ဖြန်းလျက်သွား၏။ သို့နှင့်လည်း အိပ်ရာမှမထ။ ထွေရာ လေးပါးကို စဉ်းစားနေတုန်းပင် ရှိသေး၏။

ထိုခဏ၌ ကျွန်တော်၏အမည်ကို မေးလိုက်သံကြားရ၍ ကျွန်တော် တူကလေး လက်ထောက်ချလိုက်သည့်အတိုင်း ကျွန်တော်၏ဝမ်းကွဲအစ်ကို ကျောင်းနေဖက် သူငယ်ချင်း ဝမ်းကွဲယောက်ဖတော်သူ ကိုလေးချိုသည် အိမ်ခန်းတွင်းသို့ ပြေးဝင် လာလျက် ကျွန်တော့်အားနှိုး၏။ ကျွန်တော်လည်း အိပ်ရာမှ လူးလဲထ၍ ကိုလေးချို ခိုင်းစေသည့်အတိုင်း ပြတင်းပေါက်မှ လှမ်း၍ ကြည့်လိုက်ရာ အောက်ပါတို့ကို မြင်ရပါသည်။

အိုးစည်သားတို့မှာ ကျွန်တော်နှင့် ကစားဖက်၊ ရန်ဖြစ်ဖက်၊ ကျောင်းပြေးဖက် ငယ်သူငယ်ချင်းများ ဖြစ်ကြ၏။ ဘထွေးခိုထံတွင် သူရင်းငှားလုပ်နေသူ ချမ်းအေး ကြီးသည် ကျွန်တော့်ကို ပြတင်းဝတွင် မြင်ရသောအခါ ပါးစပ်မှ ပလွေ တိုကလေးကို ချွတ်၍ သူတို့နှင့်အတူ လိုက်ရန် အော်ပြော၏။ ကျွန်တော်က

ခေါင်းညိတ်၍ ပြလိုက်သောအခါ ဝမ်းသာသောအသံဖြင့် "အဲဒါမှ တို့ ဘီအေကွ" ဟုပြော၍ အခြား သူငယ်ချင်းများ မြင်ရလေအောင် ကျွန်တော့်ဘက်သို့ လက်ညိုး ညွှန်ပြ၏။ ဘုန်းကြီးကျောင်းတွင်နေစဉ်က ကုလားဖိုးစိန်ဟု ထင်ပေါ်ကျော်စော ခဲ့သော နတ်ကြီးသည် ပေါရိသာဒကဲ့သို့ ဝတ်ဆင်လျက် လည်းကောင်း၊ အရှေ့ဖျား သား သာအိသည် သုတသောမ မင်းကြီးကဲ့သို့ ဝတ်ဆင်လျက် လည်းကောင်း ပေါရိသာဒ ချွတ်ခန်းကို ဇာတ်ခင်းလျက် ရှိကြ၏။ အိုးစည်ဝိုင်း အလယ် တွဲ၍ကား နွားတကောင်ကို တွေ့ရ၏။ အသွေးမှာ ခပ်ညိုညို၊ ကိုယ်ကာယမှာ ခပ်ပိန်ပိန်၊ ထိပ်တွင် ကြာကလေးနှင့်။ ထိုနွားသည် များစွား မအိုလှသေးချေ။ နွားပိန်ကို အသားထိုးကြည့်သည်ဆိုသော နည်းဖြင့်ကြည့်ရာ ပျိုရွယ်သန်စွမ်းစဉ် အခါက ထိုနွားသည် အလွန်လုပခံ့ညားခဲ့ပေရာ၏။ အဖိုးတန် ကြေးထိုက် ခဲ့ပေရာ၏။ သို့သော် ယခုကဲ့သို့ အိုမင်းမစွမ်း ရှိလာသောအခါ မကြင်နာသော သခင်သည် ပြုဖူးသော ကျေးဇူးကိုမထောက်ဘဲ ဆယ့်ငါးကျပ်၊ နှစ်ဆယ်မျှသော သပြာငွေ နောက်သို့ ကောက်ကောက်ပါလိုက်လျက် နွားသတ်တို့၏လက်တွင်းသို့ သေစာရင်း သွင်းလိုက်သည်မှာ အံ့ဩဖွယ်ပင် ဖြစ်တော့၏။ "ရှေးအထက် ကာရီ ပဝေသဏီ အခြေက ရေလိုက်ကြီး မှောက်မှား၍ တို့နောက်သားတစုမှာ လူဘီလူး အစာ ဟင်းလျာတို့အပြီး ဘူးသီးနှင့် ကြုံသူကြုံ၊ ဖရုံနှင့် ညားသူညား၊ သခွားနှင့် တွဲသူတွဲ၊ ချိုတနဲ ချဥ်တထွေ၊ တို့ဖြစ်ပုံ အနေနှယ်၊ သေလျှင်လည်း လတ်တလော၊ ရှင်လျှင်လည်း ဖတ်ဖတ်မော၊ အဟောဒုက္ခ ဘယ်အခါတွင်မှ သက်သာရာ မရအောင်၊ တို့ကြမ္မာ ပြုနည်းကို၊ အသည်းထိ နာလိုက်ပါဘိ၊ ဉာတကာ တသင်း၊ မိတ်ဆွေရင်းတို့" ဆိုသော ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ နွားမေတ္တာ စာကို ပြေး၍ သတိရမိ၏။

ထို စက်တိုင် နွားကိုဝယ်၍ အသက်ကယ်ဆယ်ရန်အတွက် သူငယ်ချင်းတစု တို့သည် အိုးစည်ဗုံမောင်းတီးလျက် အရပ်ကိုလှည့်ပြီးလျှင် အလှူငွေကောက်ခံ

နေကြခြင်း ဖြစ်၏။ နွားကြီးသည် နွားသတ်တို့၏ ကြမ်းကြမ်းတမ်းတမ်း ပြုမူဆဲဆိုရာမှ လွတ်မြောက်ခဲ့၍ အသာအယာ ကိုင်တွယ်ပွတ်သပ်ခြင်းကို ခံရလေသောကြောင့် အမြီးတခတ်ခတ်နှင့် များစွာ ပျော်ရွှင်နေသကဲ့သို့ ရှိ၏။ ထိုနွားကြီးအတွက် "ဆာ" စသော ဘွဲ့ကြီး ခရာကြီးတို့ထက် အဆပေါင်းများစွာ အဖိုးထိုက်အသုံးဝင်သော "ဘေးမဲ့" ဟု ကတ္တရာစေးဖြင့် ရေးခြစ်ထားသော သံဖြူပြားငယ်ကလေးသည် လည်ပင်းမှ တွဲရရွဲ ကျလျက်ရှိ၏။ နွားသတ်ကုလား၏ လက်တွင်သာ နေရပါမူ ဤသံဖြူပြားငယ်ဆွဲရာ လည်ပင်းအရပ်သည် နွားသတ်၏ ဓားသွားလေး ကင်းပြရာအရပ် ဖြစ်ပေလိမ့်မည်။ ဦးခေါင်းနှင့်တကွ ဦးချိုတို့ကားသပြေပန်း၊ ပိတောက်ပန်းတို့ဖြင့် ဝေဝေဆာဆာ ဆင်ယင်ထား၍ ကျောကုန်းကိုကား ကတ္တီပါကော်ဇောဖြင့် ဖုံးလွှမ်းထား၏။ ဤသို့ ဆင်ယင်ထားအပ်သော နွားကြီးသည် အိုးစည်ဗုံမောင်းသံတို့ဖြင့် ကတော့မလို၊ ခုန်တော့မလို တရွရွဖြစ်လျက် ရှိ၏။

အိုးစည်သံက ဆွဲငင်ခြင်းကြောင့်တကြောင်း၊ နွားကြီး၏ သနားစဖွယ်သော အဖြစ်က ဆွဲငင်သောကြောင့်တကြောင်း ကျွန်တော်သည် ကပျာကသီ အဝတ်အစားလဲလှယ်၍ ချမ်းအေးကြီးလက်မှ ပလွေတို ကလေးကို လုယူပြီး ထိုဘေးကင်းသောနံနက်က ဘေးကင်းသောအသံ တို့နှင့်အတူ ဘေးကင်းသောအလုပ်ကို လုပ်ဖို့ရန်ဘေးကင်းစွာ လိုက်ပါ၍ သွားခဲ့ပါသတည်း။

[ဂန္ထလောက၊ ၁၂၉၃ တပေါင်းလ]

# ဘကြီးအောင် ညာတယ်

## မင်းသုဝဏ်

အရှေ့ကျောင်းသား၊ သူတောင်းစား၊ လယ်ပေါ်ကျောင်းသား၊ အကောင်းစား။ ကျောက်မီးသွေးမို့ မည်းသကို၊ တို့ကျောင်းသားမို့ ရဲသကို။ ဟေ လာ မောင်ရို့ဝါး ဟု အားရပါးရ ဆူညံအော်ဟစ် ပြေးလွှားကြသော ကလေးတစုသည်ကား လယ်ပေါ် ဘုန်းကြီးကျောင်းသား ကလေးများ ဖြစ်ကြ၏။ ယင်းတို့ကျောဘက် တင်းချလယ် တကွက်လောက် အကွာတွင် ချည်လုံချည်ကို ပြာတာ ကွင်းသိုင်း၍ သင်တိုင်း အင်္ကျီကို လျှော့ရိလျှော့ရဲ ဝတ်လျက် ခေါင်းငိုက်စိုက်နှင့် တလှမ်းချင်း လာနေသော မောင်ချစ်သည် ဇဝ် မေသုတံ ဇကံ သမယံ ဟု တတွတ်တွတ် ရွတ်လျက် ရှိ၏။

ဆေးတအိုးကျွမ်းလောက် အကြာတွင် အရှေ့သို့လှမ်းကြည့်လိုက်ရာ ပန်းပုဆရာ ကြီး ဦးအောင်ချာ ကနားဖျင်းထဲ၌ ကျောင်းသားသူငယ်ချင်းများ ဝိုင်းအုံနေသည်ကို တွေ့ရလေသည်။ မိမိသည်လည်း အကြောင်းကို သိလိုသောကြောင့် ပြေးသွား တိုးဝင် ကြည့်ရှုလေ၏။

ဦးအောင်ချာသည် ဆင်စွယ်မင်းသမီး အရုပ်ကလေးတခုကို ထုလျက်ရှိ၏။ ထုလုပ်စဖြစ်၍ ရုပ်လုံးပေါ်ရုံ မျှပင် ရှိသေးသော်လည်း အရုပ်ကလေးမှာ နွဲ့နှောင်း ဖြူဖွေး ချစ်စရာကလေး ဖြစ်ပေ၏။ အတန်ကြာသောအခါ မောင်ထွေး၊ မောင်ခွေး၊ ဖိုးစံ၊ ဖိုးလုတို့ တစု ထပြန်သွားလေ၏။ မောင်ချစ်ကား မြေကြီးပေါ်တွင် ဒူးထောက်၍ ကွပ်ပျစ်ခါးပန်းတွင် မေးတင်ပြီးလျှင် အငေးသား ကြည့်လျက်ပင် ရှိသေး၏။

ဘကြီးအောင်၊ ဒီမင်းသမီး အရုပ်ကလေးကို ဘယ်သူ့ပေးဖို့ ထုနေတာလဲ ဟင် ဟု မျက်စိကလေး ပေကလပ် လုပ်၍ မေးလေ၏။ ဆောက်ပုတ်နှင့် ဆောက်ကလေးကို အသာချ၍ ဆောက်ပုံးထဲတွင် ဆေးလိပ်တိုကို စမ်းနေသော ဦးအောင်ချာက ငါ့တူ လိုချင်လို့လား ငွေတကျပ် ယူခဲ့ ဘကြီးပေးမယ် သိလား ဟု အမှတ်တမဲ့ ပြောလိုက်သောအခါ မျက်မှောင်ကြုတ်ရင်း ခေါင်းကုတ်လျှက် ငွေတကျပ် ဆိုတာ ဘယ်နှစ်ပြားလဲ ဘကြီးအောင်ရဲ့ ဟု မေးပြန်လေ၏။ ပန်းပုဆရာကြီးလဲ ဆေးလိပ်တိုကိုချ၍ လက်ဝါးနှစ်ဖက်ကို ထောင်ပြလျှက် ဆယ်ပြား ဆယ်ပြား ခြောက်ခါ၊ နောက်ပြီးတော့ လေးပြား ထည့်ပေါင်း ခြောက်ဆယ်နဲ့ လေးပြား။ အဲသလောက်ကို (၁) ကျပ် ခေါ်တယ် ကြားလား ဟု ကလေးသူငယ်များကို ချစ်ခင်သည့် ဝါသနာရှိသည့်အတိုင်း စိတ်ရှည်လက်ရှည် ခြေဟန်လက်ဟန်နှင့် ရှင်းလင်းပြောပြလေ၏။ (၆၄) ပြားပေးရင် ကျွန်တော် ဒီ အရုပ်ကလေးကို တကယ်ပဲ ရမှာလား။ နောက်ပြီးတော့ မညာနဲ့နော် ဘကြီးအောင် ဟု ပြောရင်း ရောင်ဆံမြိတ်ကလေးကို ချာချာလည်အောင် ပတ်ရစ်လျှက် အိမ်ရှိရာသို့ ရွှင်လန်းဝမ်းမြောက်စွာ ခုန်ပေါက် ပြေးလွှား သွားလေ၏။

မောင်ချစ်သည် နေ့လည်ချိန် ကျောင်းတွင် မုန့်ဝယ်စားဖို့ရန် မိခင်ပေးလိုက်သော တပြား တပြားသော အသပြာကို မသုံးရက်မစွဲရက်ဘဲ အင်္ကျီ သင်ပုန်းခေါင်းတွင် အပေါက်ငယ်ဖောက်၍ စုထားသည်မှာ ခြောက်ပြားမျှ ရလေ၏။ တထွာမျှ ကျယ်သော မိမိဝမ်းခေါင်း သမုဒ္ဒရာအတွက်မူကား နေ့ဆွမ်းစား ကုလားတက်ခေါက်တွင် ဘုန်းတော်ကြီး ဦးခေမာ ဝေသော ငှက်ပျောသီးတလုံးနှင့် ကျေနပ် ဖူလုံလျှက် ရှိလေ၏။

ဆင်စွယ်ရုပ်ကလေးသည် တနေ့တခြား သားနား ကျော့ရှင်း၍ လာ၏။ သွားကလေးများ ပေါ်လုမတတ်ရှိအောင် ပြုံးလိုက်ရန် ဟန်ပြင်နေသော အသွင်သည်

အိပ်ပျော်နေသော ညအချိန်တွင်ပင်လည်း မောင်ချစ် မျက်လုံးတွင်းမှ မထွက် ကြည့်ရပါများလေ အရုပ်ကလေးမှာ လှလာလေ၊ လိုချင်စိတ် ပွားလာလေ ဖြစ်ရ ကား တနေ့မှ တပြား၊ တပြား၊ စုရသည်ကို အလွန် ဖင့်လေး ကြန့်ကြာသည်ဟု သိလာလေ၏။ ပိုက်ဆံ ရလွန်းလို၍ ဥပုသ်နေ့များကိုပင် စာသင်ရက် ဖြစ်ပါ စေတော့ဟု ဆုတောင်းမိ၏။ တပေါက်တလမ်းက ဘယ်နည်းနှင့် ပိုက်ဆံရအောင် ကြိုးစားရမည်နည်းဟု ကြံစည်ပြန်သည်။

ထိုစဉ်အခါက ကမ္ဘာစစ်ကြီးအတွင်းဖြစ်၍ ကျောက်တံ အလွန်ရှား၏။ မောင်ချစ် သည် အကိုကြီး ကိုသစ်၏ ကျောက်သင်ပုန်းကွဲများကို ညောင်ရေအိုးစင်မှ ယူ၍ ညဥ့်နက်သန်းခေါင်မရှောင် မှိုင်းတလူလူ ထွက်နေသော ရေနံဆီမီးခွက်ကြီးကို ထွန်းညှိလျှက် ချွန်တက်သော ဖဲထီးသံချောင်းဖြင့် ကျောက်တံ တိုက်လေ၏။ ကျောက်တံရောင်း၍ ပိုက်ဆံခြောက်ပြား ရ၏။ ကျောင်းသားကြီး ဖိုးတေက အနိုင် ကျင့်၍ မပေးဘဲ ထားသော အကြွေး တပြားအတွက် တွေးမိတိုင်း ဆွေးမိ၏။

တဆယ့်နှစ်ပြားမျှ ရလာသောအခါ အကျီ သင်ပုန်းခေါင်းမှာ မဆံ့သည်ဖြစ်၍ နှစ်ဖက်ပိတ် ကြသောင်းဝါးတဆစ်တွင်ထိပ်က အပေါက်ဖောက်ကာ ဝေလခေါင်း၊ ဂျော့ခေါင်း၊ နတ်ဖိုးချွန် စသော တံဆိပ်အမျိုးမျိုး ခတ်နှိပ်သည့် ကြေးပြား တဆယ့် နှစ်ပြားတိတိကို သွင်းလှောင် သိုမှီးထားလေ၏။ နှစ်ဆန်းတရက်နေ့တွင် ဒွေးလေးညို ချစ်စနိုး၍ပေးသည့် သူငယ်ဖော်မောင်ထွေးက အလိုက် နှစ်ပြား ပေး၍ ပိုက်ဆံချင်းလဲစဉ် မလဲရက်ဘဲ တွယ်တာခဲ့သည့် ထုံးအမှတ်နှင့် ဒေါင်းပိုက်ဆံ ကလေးကိုလည်း ဖျာအောက်မှ ထုတ်ယူ၍ ကြေးပြားအဖော်များ ရှိရာ ကြေးတိုင် တွင်းသို့ သွတ်သွင်းလိုက်လေ၏။ ကြေးပြား အရေအတွက်ကိုလည်း ဝါးကြောတွင် စူးဖြင့် ခြစ်၍ မှတ်ထားလေ၏။ ပဲဟင်းချက်တဲ့နေ့က တပြား၊ ဘကြီးထူး ကျွဲပျောက်တဲ့နေ့က တပြား စသည်ဖြင့် လက်ချောင်းကလေးများကို ချိုးကာ

ချိုးကာ ပိုက်ဆံစာရင်း တွက်ရစစ်ရ သည်မှာ နေ့စဉ်နှင့်အမျှ ဖြစ်၏။ ရေတံလျှောက်ထဲမှာ ထားရကောင်းနိုးနိုး၊ သဘော်ကြမ်းပေါ်တွင် ဝှက်ထားရလျှင် လုံနိုးနိုးနှင့် ပိုက်ဆံဗူးနေရာ ပြောင်းရသည်မှာလည်း အမောပင် ဖြစ်၏။ အရုပ်ကလေးကို ရလျှင် ထည့်ထားဖို့ရန် ထန်းရွက်ဖာချောကလေးကို အမျိုးမျိုး ပြုပြင်ဆင်ယင် မွမ်းမံရသည်မှာလည်း မအားပင် ဖြစ်လေ၏။

ဈေးသည်ဒေါ်ခင်ဥ၏ တောင်းနီထဲ၌ အငွေ့တထောင်းထောင်းနှင့် ကောက်ဦး ငချိပ်ပေါင်းကို မြင်ရသောအခါ သွားရည်ယိုမိ၏။ သို့ပါသော်လည်း ဝယ်မှရသော သရေစာတို့ကို သပိတ်မှောက်လေ၏။ သူငယ်ဖော်တို့ ဖန်ဒိုးဝယ်၍ ဂေါ်လီရိုက်သောအခါ ကလေးတို့ဘာဝ အများနည်းတူ ကစားလိုပါသော်လည်း မိမိတွင်ရှိရင်းစွဲ စည်သံပတ်ခွေ အဟောင်းကြီးကို ကျောင်းဝိုင်းပတ်လည်တွင် လှည့်ပတ်ရိုက်လျှက် တယောက်ထီးတည်း ကျေနပ်တင်းတိမ်ရလေတော့၏။ သို့ဖြင့် တပြားတိုးလျှင် တမျိုးဝမ်းသာလျှက် စုဆောင်းလာခဲ့ရာ ပိုက်ဆံ သုံးဆယ့်လေးပြား ပိုက်မိသောနေ့သို့ ရောက်လာလေသတည်း။

ညနေလေးနာရီ ကျောင်းလွှတ်ခေါင်းလောင်းသံသည် မောင်ချစ်၏ နှလုံးသွေးကို နှိုးဆွလိုက်လေ၏။ ဘုရားရှိခိုးဆုံးခါနီး အာမ ဟု ဆိုမိလျှင်ပင် ဘန္တေ ကို မစောင့်နိုင်ဘဲ ထ၍ပြေးလေရာ အစောင့်ကိုရင်ကြီးတပါးက အလျှင်လိုရကောင်းလား ဟူ၍ ထိပ်ကို ဂေါင်ဂေါင်မြည်အောင် ခေါက်လိုက်၏။ အမူ မထားမိ၊ လမ်းတွင် ခလုတ်တိုက်၍ ခြေမကွဲသွားသော်လည်း နာရမှန်းမသိ ဦးအောင်ချာ ကနားဖျင်းနားရောက်သောအခါ အတင်းတိုးဝင် သွားလေ၏။ ဖော့ဦးထုပ်ကို ဆောင်း၊ ဖောင်းဘီပြာကိုဝတ်လျှက် ကွပ်ပျစ်ထက်တွင် အခန့်သားထိုင်ရင်း မင်းသမီးရုပ်ကလေးကို ဘယ်ပြန်ညာပြန် ပယ်ပယ်နယ်နယ် ကိုင်တွယ်ကြည့်ရှုနေသော လူကြီးတယောက်ကို မြင်မှသာ ကိုယ်အရှိန်သတ်၍ ပြောနေကြသော စကားကို ကြားမိလေတော့၏။

ဘယ့်နယ့်လဲ ဆရာကြီးရဲ့ ကျုပ်ပြောတဲ့ အဖိုးနဲ့ပဲ ပေးလိုက်မယ်မဟုတ်လား၊ ခင်ဗျားတို့အရပ်မှာ ဒီအရုပ်ကလေးနဲ့ တန်တဲ့အိမ် တအိမ်မှမရှိပါဘူး။ ဝယ်နိုင်မယ့် သူလဲ ရှိမှာမဟုတ်ပါဘူး။

မှန်ပါ၊ ဝန်ထောက်မင်းဖို့ ဆိုရင်တော့ အလကားတောင်းလဲ ပေးရမှာပါပဲ။ နို့ပေမယ့် အချေသတ် အမွမ်းတင်ဖို့ လေးငါးရက်လောက် ဆိုင်းစေချင် ပါတယ်။ ပြီးလျှင်ပြီချင်း ဝန်ထောက်မင်းတို့ဆီကို လာပြီး ပို့ပါ့မယ်။

ထိုမျှကိုကြားရလျှင် မောင်ချစ်၏အသည်းနှလုံး အူသိမ်အူမတို့သည် ကြွေကျမတတ် ဖြစ်လေ၏။ အရုပ်ကလေးကို အတင်းလုရ၍ ပြေးလိုစိတ် ပေါ်လာသော်လဲ ဝန်ထောက်မင်းဟု ကြားရုံမျှနဲ့ပင် ရင်ဒူးတုန်နေရသော မောင်ချစ်မှာ အဘယ်သို့ ဝံ့ရဲပါအံ့နည်း။ ခါးကြားက ခြောက်လုံးပြူး သေနတ်သည်လဲ မောင်ချစ်၏ အကြံကို သိသည့်အလား မောင်ချစ်ဆီသို့ စိန်းစိန်းလှည့်၍ ခြောက်လှန့် မောင်းလေ၏။ ဝဲလာသောမျက်ရည်ကို အနိုင်နိုင်ထိန်း၍ မိမိဘက်သို့ ကျောခိုင်းနေသော ဆင်စွယ် ဒေဝီ ကလေးအား နောက်ဆုံးကြည့် ကြည့်လျှက် ထွက်လာလေ၏။ လမ်းကြားငယ် အတွင်းမှ ဟိုကောင်ကလေး ညိုတိုတို ၊ တို့ကိုကြိုက်လို့ ငို၊ နင်ငိုပေမယ့် အလကား၊ တို့အမေက မပေးစား၊ ဟု ထွက်ပေါ်လာသော တေးသံသည် တေးဆို သူအား နှလုံးပွားဖွယ်ပင် ဖြစ်သော်လည်း မောင်ချစ်၏ နှလုံးသားကိုကား ဓားပါးနှင့် မွှန်းလိုက် လေတော့သတည်း။

တဆယ့်ငါးရက်မျှ ကြာသောအခါ ခေါင်းထက်တွင် တဘက်ကိုစီ တင်ထားသော မိန်းမကြီးတစုနှင့် ယောကျ်ားကြီးတယောက်တို့ မောင်ချစ်တို့၏ ခြောက်သွေ့သော ခြံကလေးအတွင်းသို့ ဝင်သွားသည်ကို မြင်ရပါသည်။ အိမ်ရှေ့ခွေးကတက်ကို တက်မိလျှင်ပင် တိုင်ဖုံးနား၌ မျက်ရည်စက်လက် ဦးဆံဖားလျားနှင့် ထိုင်နေသော

မိန်းမတဦးသည် ယောကျ်ားကြီး၏ခြေစုံကို ပြေးဖက်လျှက် အမလေး ကိုရင်အောင်ရဲ့ မောင်ချစ်ဖြစ်ပျက်ပုံတွေ မြင်ဝံ့သေးရဲ့လား ရှင့်၊ မောင်ချစ်ရေ အမေ့သားကြီးရဲ့ အမေလိုက်ခဲ့မယ်ကွယ့်နော် ဟီး ဟီး ဟု ဟစ်အော်ပြောဆို ငိုကြွေးမြည်တမ်းလေ၏။ ဦးအောင်ချာလည်း မောင်ချစ်အလောင်းနားတွင် မလှုပ်မယှက် ထိုင်နေသော မောင်ချစ်ဖခင်အား ဘယ့်နှယ် ဖြစ်ရတာလဲ မောင်ဖိုးငွေရဲ့၊ ကိုရင်လဲ မြို့တက်သွားတာ ဆယ့်လေးငါးရက် ကြာသွားလို့ ဘာသတင်းမှ မကြားမိဘူး။ အခု ပြန်ရောက်ရောက်ချင်းပဲ အိမ်မှာ ထိုင်တောင်မထိုင်ခဲ့ဘဲ ပြေးလာခဲ့တာပဲကွယ့် ဟု ပြောလေ၏။ ကိုရင်ရယ် ဘာရောဂါရယ်လို့လဲ မပြောတတ်ပါဘူး။ တမှိုင်မှိုင် တထွေထွေနဲ့ ထမင်းမစား ဟင်းမစား ၊ တခါတလေ သူ့အမေကျွေးလို့ ဆန်ပြုတ်ကလေး တဇွန်းလောက် ဝင်သွားပေမယ့် ချက်ချင်း အန်ပြစ်လိုက်တာပဲ။ ပယောဂါ ဆိုလို့ ဆရာသြ ခေါ်ပြလည်း ဘာမှ မထူးခြားပါဘူး။ ကလေးကို ညဉ်းဆဲသလိုသာ ဖြစ်နေတာပဲ မေးလို့လဲမရဘူး။ မနေ့ညကတော့ သူ့အမေကိုခေါ်ပြီး သူစုထားတဲ့ ပိုက်ဆံငါးမူး နှစ်ပြားကို သူ့ဆရာတော် လှုလိုက်ပါလို့ မှာပြီးတော့ ကိုရင်အောင်ကို မေးတာပဲ။ မြို့သွားတယ်လို့ပြောတော့ အတန်ကြာကြာ ဘာမျှ မပြောဘဲ မောနေပြီး၊ ဘကြီးအောင်ညာတယ် လို့ မပီတပီပြောရင်း အသက်ပျောက်သွားတာပဲဟု ပြော၍ လုံချည်စဖြင့် မျက်ရည်သုတ်လေ၏။ ဦးအောင်ချာလည်း စဉ်းစား၍ အကြောင်းရင်းကို ရိပ်မိသောအခါ မျက်နှာညှိုးငယ်၍ သွားလေတော့သတည်း။

ယခုအခါတွင်ကား ရွာကလေးအနောက်ဘက် နွားစားကျက်အနီး ထိန်ပင်ကြီး တောင်ယွန်းရှိ သင်္ချိုင်းကုန်းထက်တွင် ထီးတည်းသော အုတ်ဂူကလေးတခုကို တွေ့နိုင်ပါသည်။ အချစ်ဂူ ဟူ၍ လည်းကောင်း၊ မောင်ချစ်ဂူ ဟူ၍ လည်းကောင်း အမည်နှစ်မျိုးဖြင့်ခေါ်ကြရာ မည်သည်ကို အမှန်ဟူ၍ မပြောနိုင်ပါ။ ဂူကလေး၏ အရှေ့မျက်နှာ လိုဏ်ပေါက်ကလေးထဲတွင် ကျွဲကျောင်းသား၊ နွားကျောင်းသား

တို့၏လက်ချက်ကြောင့် ကျိုးပဲ့ပျက်စီးနေသော အရုပ်ကလေးတခုကို တွေ့နိုင်ပါသေးသည်။ လိုဏ်ဝအင်္ဂတေတွင် သွင်းနှံထားသော ကျောက်ပြားငယ်ထက်တွင်ကား လို၍မရသောဆင်းရဲ ဟု စာတမ်းထိုးထားပါသည်။ ကျနော်၏ ဘိုးအေအား မေးမြန်းကြည့်ရာ သုံးနှစ်လောက်က ပြန်တော်မူသွားသော တောထွက်ကြီး ဦးဣန္ဒ၏ လက်ရာဖြစ်သည်ဟု သာမန်မျှသာ သိရပါသတည်း။

(တက္ကသိုလ် ကျောင်းတိုက် မဂ္ဂဇင်း ၊ ၁၂၉၃ တပေါင်းလ)